ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်၊ ကြာသပတေးနေ့၊ (5-2-2004) (၄၁၃၇)

ဒါနဥ္စ
တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်
စောင်ရေ
၁၉၇၃၂၉

တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားကို မြှင့်တင်

လွတ်လပ်ရေးရပြီးကာလမှာလည်း နယ်ချဲ့လက်သစ်ဝါဒီတို့သည် ပြည်ထောင်စုတည်တံ့ခိုင်မြဲမှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖြိုခွဲရန် ပြည်တွင်းရေး၌ အခွင့်အခါသင့်လျှင်သင့်သလို ဝင်ရောက်စွက်ဖက်သည့်နည်းတူ ရန်အန္တရာယ်များကိုလည်း ဖန်တီးတတ်ကြသည်မှာ မငြင်းကွယ်နိုင်သော ဖြစ်ရပ်အမှန်များဖြစ်ပါသည်။

မည်သို့ပင် ရန်အန္တရာယ်များ ခင်းကျင်း ဖန်တီးကြလင့်ကစား တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ စည်းလုံးညီညွတ်မှု စွမ်းအားကိုမြှင့်တင်ပြီး ကျစ်လျစ်ခိုင်မာသော ညီညွတ်မှုစွမ်းပကားဖြင့် ပြည်တွင်း၊ ပြည်ပ ရန်အန္တရာယ်များကို တွန်းလှန်ချေမှုန်းနိုင်ခဲ့ကြပါသည်။ အနာဂတ်ကာလတွင်လည်း ဤညီညွတ်မှု စွမ်းပကားကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းမြှင့်တင်နိုင်မည်ဟု အလေးအနက် ယုံကြည်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးမဟာဂျာ ခေါင်းဆောင်သော ဟိုမိန်းဒေသ တိုင်းရင်းသားအဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဟိုမိန်းဒေသ တိုင်းရင်းသားအဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဦးမဟာဂျာ ခေါင်းဆောင်သော ဟိုမိန်းဒေသ တိုင်းရင်းသားအဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

တက်ညီလက်ညီ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်၏ ဦးဆောင်မှုကို ခံယူ၍ တက်ညီလက်ညီ ပူးပေါင်းပါဝင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✾

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

တွေ့ဆုံနှုတ်ဆက်

ဖေဖော်ဝါရီ ၄ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်သာလင်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် **Mr. Herman Johan Stevens** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄
အချိန် - နံနက် (၀၉:၀၀)နာရီမှ ညနေ (၁၇:၀၀)နာရီ
နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပင်လုံမော်ကွန်း

(၁)

❑ ပင်လုံမြေသည်၊ သက်သေတည်အံ့
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
အင်အားပေါင်းစု၊ ထုဆစ်သွန်းလောင်း
သမိုင်းကြောင်းက၊ ပြောင်းလဲမရှိ
ပကတိအသစ်၊ ဖြစ်တည်ခိုင်မြဲ
လက်ချင်းတွဲ၍၊ ရဲရင့်အဓိဋ္ဌာန်
ဓာတ်မာန်ဖြင့်၊ နိုင်ငံအကျိုး
သယ်ပိုးမပျက်၊ ခရီးဆက်ကြ
မြန်မာ့လူ့ဘောင်၊ တည်ထောင်တစ်ခေတ်
အသစ်တည်ထွန်း၊ ရည်ညွှန်းတည်ဆောက်
မိုးသောက်အရုဏ် လင်းလင်းတည်း။

(၂)

❑ ပင်လုံသမိုင်း၊ မှန်တိုင်းအလား
ပြင်းထန်အားဖြင့်၊ တိုင်းခြားနယ်ချဲ့
မောင်းထုတ်ခဲ့သည်၊ ပြည်နယ်ပြည်မ
ညီညွတ်ကြပြီး၊ မြန်မာ့လွတ်လပ်ရေး
တည်ဆောက်ပေးခဲ့၊ သွေးချင်းညီနောင်
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတွေ
ဝင့်ကြွားဖော်ညွှန်း၊ မော်ကွန်းသစ္စာ
တိုင်တည်လာခဲ့၊ ကမ္ဘာတည်မျှ
ရှည်ကြာရမည်၊ တက်ကြွနိုးကြား
ပြည်တွင်းအား။

(၃)

❑ ကာလယန္တရား၊ တိုက်စားဖြိုဖျက်
သက္ကရာဇ်ပြောင်း၊ သမိုင်းကြောင်းများ
သက်သေထားအံ့၊ တို့မြေပြည်ထောင်စု
တည်တံ့မှုကို၊ ရှေးရှုမျှော်မှန်း
ခရီးလမ်းတွင်၊ စွမ်းအားရှိသမျှ
ကာကွယ်ကြပါ၊ ဓိဋ္ဌာန်ပြုသည်
ပံသုမြေပြင်၊ သက်သေတင်သော်
ပင်လုံမော်ကွန်း၊ ညွှန်းဆိုသစ္စာ
တိုင်တည်ပါ၏၊ "မြန်မာဟူသည်
ကမ္ဘာတည်မျှ၊ ရှိရမည်"။ ။

ကေတုနီလာ

ကျေးလက်ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးရေး ရိုးမဖြတ်ကျော်လမ်းများတိုးမြှင့်ဖောက်လုပ်

၅-၂-၂၀၀၄
(ကြာသပတေးနေ့)

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးလုပ်ကိုင်သူများသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြသည်။ နိုင်ငံအတွင်းရှိ လူဦးရေအများစုမှာ ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးစည်ပင်သာယာလာခြင်းသည် မြို့ပြဒေသများ ဖွံ့ဖြိုးစည်ပင်လာခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

သစ်တောရေးရာ ဝန်ကြီးဌာနက တာဝန်ယူ ဖောက်လုပ်ပြီးစီးသွားသည့် ပဲခူးတိုင်း (အရှေ့ပိုင်း) ရေတာရှည်မြို့နယ် သာဂရကျေးရွာမှ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက်နေ့က သာဂရကျေးရွာ တောင်ခြေစခန်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတို့ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်လမ်းသည် ပဲခူးရိုးမတောင်ကြောကို ဖြတ်ကျော်၍ ဖောက်လုပ်ထားခြင်းဖြစ်ပြီး ခရီးမိုင်အားဖြင့် ၉၆မိုင်သုံးဖာလုံကွာဝေးသည်။ အဆိုပါလမ်းကို သစ်တောရေးရာဝန်ကြီးဌာနက မူလတစ်ကြောင်းထိုး ဆက်သွယ်ဖောက်လုပ်ထားသော သစ်တိုက်လမ်းကို လမ်းအူကြောင်းအဖြစ် အခြေခံ၍ ပေ ၃၀ အကျယ် မြေသားလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းသည် နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဖောက်လုပ်လျက်ရှိသည့် ပဲခူးရိုးမဖြတ်ကျော်ကားလမ်းကြီး ငါးခုအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ယခုအခါ ပဲခူးတိုင်း သာဂရကျေးရွာမှ မကွေးတိုင်း ကိုးပင်ကျေးရွာသို့ ယခုဖွင့်လှစ်သည့် လမ်းအတိုင်းသွားရောက်ပါက ၉၆မိုင် သုံးဖာလုံသာ ရှိမည်ဖြစ်သည်။ ယခင် ပြည်-ရန်ကုန် ကားလမ်းမကြီးအတိုင်း ထောက်ကြန့်မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်းသွားပါက သာဂရမှ ကိုးပင်အထိ ၄၁၇ မိုင်ခန့်ရှိသည့်အတွက် ခရီးမိုင် ၃၂၀ကျော်ခန့် ခရီးတိုသွားကြောင်း သိရသည်။

သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းကို ဖွင့်လှစ်လိုက်သည့်အတွက် ကားလမ်းကြောင်းတစ်လျှောက်ရှိ အတွင်းပိုင်းကျသော ကျေးရွာများ ဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး ဒေသထွက်ကုန် စပါးနှင့် မြေပဲသီးနှံများကို ဈေးကွက်သို့ အလွယ်တကူ တင်ပို့နိုင်ကြမည်ဖြစ်သည်။

ထို့အပြင် ရိုးမတစ်ကြောရှိ အဖိုးတန်ကျွန်းနှင့် သစ်မာများ၊ သစ်တောထွက် သယံဇာတများကို ရိုးမဖြတ်ကျော်လမ်းအား အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်မည်ဖြစ်သည်။

ယခင်ကာလများက ပဲခူးတိုင်းအရှေ့ခြမ်းနှင့် ပဲခူးတိုင်းအနောက်ခြမ်း၊ ပဲခူးတိုင်းအရှေ့ခြမ်းနှင့် မကွေးတိုင်းတို့အကြား ဆက်သွယ်သွားလာရာတွင် ရန်ကုန်-ထောက်ကြန့်ဘက်မှဖြစ်စေ၊ မိတ္ထီလာ-သာစည်ဘက်မှဖြစ်စေ ရှည်လျားစွာ ကွေ့ပတ်သွားခဲ့ရသည့်အတွက် အချိန်ကုန် လူပန်းပြီး စရိတ်စကများစွာ အကုန်ကျခံရသည့်အပြင် ကုန်စည်စီးဆင်းမှုလည်း နှောင့်နှေးခဲ့ရသည်။

ယခုအခါ ရိုးမဖြတ်ကျော်လမ်းများ ဖောက်လုပ်လျက်ရှိသဖြင့် အဆိုပါ အတားအဆီးအခက်အခဲများကို ကျော်ဖြတ်နိုင်ကြမည်ဖြစ်သည်။ ပဲခူးရိုးမသည် သစ်တောထူထပ်ပြီး တောင်ကုန်းတောင်တန်းပေါ်များသည့် ဒေသဖြစ်သော်လည်း သစ်တောရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများက ခွဲလုံ့လစွမ်းအားဖြင့် ကြိုးပမ်း၍ ရိုးမဖြတ်ကျော်လမ်းကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ကြပြီဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသယံဇာတများ ထုတ်လုပ်နိုင်ရေးနှင့် ကျေးလက်ဒေသပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရိုးမဖြတ်ကျော်လမ်းများကို ဆက်လက်၍ တိုးမြှင့်ဖောက်လုပ်နိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် သာသနာ သာစည်ကျောင်းတိုက်တွင် ဦးဝိဇေယျနှင့် ဦးဇနိ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန စရိယ ဓမ္မကထိကတို့က ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်ထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတို့ကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ ဖေဖော်ဝါရီ ၈ ရက် ညနေအရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

တို့တိုင်းရင်းသား ဆလုံညီနောင်များ

အောင်သိမ်း(ထားဝယ်)

ဘကြီးဖြိုး – လာဟေ့ရေနွေးနဲ့ ထားဝယ်ငါးမုန့်တွေရှိတယ်။ သုံးဆောင်ပါဦး။ ဒီတစ်ပတ်တော့ တို့တိုင်းရင်းသား ဆလုံလူမျိုးတွေအကြောင်း ဆွေးနွေးကြရင်ကောင်းမယ်။

ကျွန်တော် – ဆွေးနွေးတာပေါ့ဦးလေး၊ သုံးဆောင်ပါ့မယ်။ ကျေးဇူးပါပဲ။

ဘကြီးဖြိုး – ဒါနဲ့မင်းကော့သောင်းဘက်က ပြန်လာတယ်ဆို။ ခုဖေဖော်ဝါရီလထဲမှာ ကော့သောင်းမြို့နယ် မကြူဂလက်ကျွန်းမှာ ဆလုံရိုးရာ ယဉ်ကျေးမှုပွဲတော် ကျင်းပမယ်လို့ကြားနေရတယ်။

ကျွန်တော် – ဟုတ်ကဲ့။ နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ ဆလုံရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပပြုလုပ်သွားမယ်လို့ ကြားခဲ့ရပါတယ်။ နောက်ဒီပွဲတော်ကြီးပြီးရင် ဒီဒေသမှာ ကမ္ဘာလှည့်ခရီးသွားလာရေး လုပ်ငန်းလည်း စတင်တော့မယ်လို့ သိခဲ့ရတယ်။

ဘကြီးဖြိုး – တို့နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ထဲမှာ ဆလုံတိုင်းရင်းသားတွေလည်း ပါဝင်နေတာမို့ ဆလုံတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ စီစဉ်တာနဲ့တူတယ်။

ကျွန်တော် – ဟုတ်ပါတယ်။

ဘကြီးဖြိုး – ဆလုံတိုင်းရင်းသားတွေဟာ တနင်္သာရီတိုင်း မြိတ်ကျွန်းစုတွင်း ဘယ်မြို့နယ် ဘယ်ကျွန်းစုတွေမှာ နေထိုင်ကြတာလဲ။

ကျွန်တော် – တနင်္သာရီတိုင်း ကမ်းလွန်ပင်လယ်ပြင်မှာရှိတဲ့ နိုင်ငံပိုင်ကျွန်းပေါင်း ၈၁၆ ကျွန်းရှိတဲ့အနက် ကော့သောင်းမြို့နယ်မှာရှိတဲ့ ဇာဒက်၊ မကြူဂလက်၊ ညောင်ဝိနဲ့ ဂျလန်းကျွန်း၊ ဘုတ်ပြင်းမြို့နယ်မှာရှိတဲ့ ကန်မော်ကြီး၊ လေငန်းနဲ့ ပဲကလက်ကျွန်း၊ မြိတ်ခရိုင်ကျွန်းစု မြို့နယ်မှာရှိတဲ့ ဒုံးပုလဲအော်လဲ့လွန်းနဲ့ ညာမိုင်းစတဲ့ ကျွန်းတွေမှာ မိုးရာသီအတွင်း ကျွန်းပေါ်နေထိုင်ပြီး ကျန်တဲ့ပွင့်လင်းရာသီတွေမှာ ပင်လယ်တွင်း မိသားစုအလိုက် ဆွေမျိုးစုအလိုက် သူတို့ကိုယ်တိုင်ပြုလုပ်ထားတဲ့ ရိုးရာလှေတွေ၊ ခေတ်မီစက်တပ် လှေတွေနဲ့ အတူ သွားလာနေထိုင်လေ့ရှိတာကို တွေ့ရှိရပါတယ်။

ဘကြီးဖြိုး – ဒီလူမျိုးစုတွေဟာ တိုင်းရင်းသားလူမျိုး ဘယ်အုပ်စုမှာ ပါဝင်ခဲ့တာလဲ။ လူဦးရေ ဘယ်လောက်ရှိလဲ။

ကျွန်တော် – ဗမာအုပ်စုထဲမှာ ပါဝင်ပါတယ်။ ဗမာ၊ ထားဝယ်၊ မြိတ်(ဘိတ်)၊ ကဒူး(ခုန်ကူး)၊ ဂနန်း၊ ယော၊ ဖွန်(ဖွန်)၊ ရဘိန်းနဲ့ ဆလုံတွေဟာ ဗမာအုပ်စုဝင် တိုင်းရင်းသားတွေဖြစ်ပါတယ်။ လက်ရှိ ၂၀၀၃ ခုနှစ် မတ်လအထိ ကောက်ယူရရှိခဲ့တဲ့ စာရင်းအရ လူဦးရေ ၁၅၀၀ လောက်ရှိမယ်လို့ ခန့်မှန်းရတယ်။

ဘကြီးဖြိုး – အရင်ကရော သန်းခေါင်စာရင်း ကောက်ခဲ့ဖူးလား။

ကျွန်တော် – နယ်ချဲ့အင်္ဂလိပ်လက်ထက်ဖြစ်တဲ့ ၁၉၁၁ ခုနှစ်မှာ သန်းခေါင်စာရင်းကောက်ယူခဲ့ဖူးတယ်။ သန်းခေါင်စာရင်း ကောက်ယူခဲ့စဉ်က အပိုင်းသုံးပိုင်းခွဲပြီး ကောက်ယူတယ်လို့ သိခဲ့ရတယ်။ ပထမအပိုင်းက ထားဝယ်မှ ဒိုမီကျွန်းတောင်ပိုင်းအထိ၊ ဒုတိယက ဒိုမီကျွန်း တောင်ပိုင်းမှ ဂရိုရီကျွန်းအထိ၊ တတိယအပိုင်းက ဂရိုရီကျွန်းမှ ဝိတိုရိယအငူ ကော့သောင်းမြို့အထိ ကောက်ယူခဲ့တယ်လို့ သိခဲ့ရတယ်။ ဒီစာရင်းကောက်ခဲ့စဉ်က လူဦးရေ ၅၀၀၀ လောက် ရှိခဲ့တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားတယ်။

ဘကြီးဖြိုး – မင်းရဲ့အမြင်ပေါ့ကွာ။ ယနေ့အချိန်မှာ ဘာကြောင့် လူဦးရေနည်းခဲ့ရတာလဲဆိုတာ ရှင်းပြပေးစေချင်တယ်။

ကျွန်တော် – ဒီနေရာနဲ့ ဒီဒေသတွေဟာ ယခင်အစိုးရလက်ထက် အဆက်ဆက်မှာ အုပ်ချုပ်ရေးနဲ့ အလှမ်းကွာဝေးခဲ့တယ်။ ဒါ့ပြင် အိမ်နီးချင်းနိုင်ငံနဲ့နီးတော့ ကူးသန်းသွားလာရင်း တန်ဖိုးရှိတဲ့ ရေထဲမှပစ္စည်းတွေ ရရှိနိုင်ဖို့အတွက် လုပ်ငန်းခွင်မှာ အသုံးပြုမယ့် မူးယစ်ဆေးဝါးစာရင်းဝင်(ဘိန်းစာမှုန့်)တွေကို ပြည်ပစီးပွားရေးသမားတွေက သူတို့ကို အခမဲ့ပေးကမ်းရင်း နောက်ပိုင်းမှာ မူးယစ်ဆေးဝါးရဲ့ သားကောင်အဖြစ် ရောက်ရှိခဲ့တယ်။ ဒါ့ပြင် လူ့ဘဝကို ခက်ခက်ခဲခဲရှန်းကန်ရင်း အကြောင်း အမျိုးမျိုးကြောင့် သတ်မှတ်ကာလမတိုင်မီ သေဆုံးခဲ့ကြလို့ ယခုလို လူဦးရေနည်းခဲ့တယ်လို့ သိခဲ့ရတယ်။ လက်ရှိစာရင်းအရ အမျိုးသမီးတွေက အမျိုးသားတွေထက် ပိုများနေတာ တွေ့ခဲ့ရတယ်။

ဘကြီးဖြိုး – ဆလုံတိုင်းရင်းသားတွေရဲ့ လက်ရှိစီးပွားရေးအခြေအနေကို ဆက်ပြီးရှင်းပြပါဦး။

ကျွန်တော် – ယနေ့အချိန်မှာ သူတို့လူမျိုးတွေအနေနဲ့ ရိုးရာလှေတွေအပြင် ခေတ်မီစက်တွေ တပ်ဆင်ထား တဲ့လှေတွေနဲ့ မိသားစုအလိုက်၊ ဆွေမျိုးစုအလိုက် အထက်မှာ ကျွန်တော်ပြောပြခဲ့တဲ့ကျွန်းတွေမှာ သွားလာကျက်စားရင်း ပင်လယ်ရေငုပ်ပြီး ဖမ်းဆီးရရှိတဲ့ ပုလဲမှတ်ကောင်တွေ၊ ပင်လယ်မျှော့နဲ့ ကျောက်ပုစွန်(ပုဂံ)တွေကို ရေလုပ်ငန်းကုမ္ပဏီတွေကကျွန်းပေါ် ဖွင့်လှစ်ထားတဲ့ အဝယ်ဒိုင်တွေမှာ ရောင်းချရင်း မိမိတို့ အသုံးပြုမယ့်ပစ္စည်းတွေကို ပြန်ဝယ်ယူလေ့ရှိတယ်။ ဒီအလုပ်ဟာ သူတို့ရဲ့ အဓိက စီးပွားရေးလုပ်ငန်းပဲ ဖြစ်တယ်။

ဘကြီးဖြိုး – ဒါဆိုရင် သူတို့ရဲ့ လူနေမှုအဆင့်အတန်းတွေ အရင်တုန်းကနဲ့ မတူတော့ဘူးလို့ ဆိုရမှာပေါ့။

ကျွန်တော် – ဆိုနိုင်ပါတယ်။ အထူးသဖြင့် ယနေ့တပ်မတော်အစိုးရလက်ထက်မှာ ဝင်ငွေပိုရလာတယ်လို့ ပြောနိုင်တယ်။ တစ်ချိန်က သူတို့ရောင်းချမယ့် ပစ္စည်းတွေဟာ ဝယ်သူရဲ့ ကြိုက်ဈေးဖြစ်ခဲ့ပေမယ့် ယနေ့အချိန်မှာ ရောင်းသူကြိုက်မှ ရောင်းတဲ့ဈေးကွက်ဖြစ်လာတယ်။ ဥပမာ–ကျောက်ပုစွန်လို့ခေါ်တဲ့ ဒေသအခေါ် ပုဂံဆိုရင် ရိုးရိုးကာလာ တစ်ကောင်ကို ကျပ် ၁၅၀၀၀ ရှိပေမယ့် ဆဲဗင်းကာလာဆိုရင် ဘတ် ၁၀၀၀၀ (ငွေကျပ် နှစ်သိန်း)အထိ ရရှိခဲ့တယ်။ ဝင်ငွေကောင်းလာတာနဲ့ အမျှ လူနေမှုအဆင့် မြင့်လာတယ်လို့ ဆိုရလိမ့်မယ်။ တချို့ဆိုရင် ပင်လယ်ငါးဖမ်းစက်လှေပိုင်ရှင်၊ ကုန်စုံဆိုင်ပိုင်ရှင်တွေ ဖြစ်နေတာတောင် တွေ့ခဲ့ရတယ်။

ဘကြီးဖြိုး – ဆလုံတိုင်းရင်းသားတွေရဲ့ ပညာရေးနဲ့ ကျန်းမာရေးကိစ္စတွေကို ဆက်ပြောပြပါလား။

ကျွန်တော် – အခြားတိုင်းရင်းသား ပြည်သူတွေလိုပါပဲ။ ဆလုံတိုင်းရင်းသားတွေနေတဲ့ ကျွန်းတွေမှာ မူကြိုနဲ့ အမကကျောင်းတွေ ဖွင့်ပေးထားလို့ သူတို့ရဲ့ သားသမီးတွေ ပညာသင်ကြားနေတာ တွေ့ခဲ့ရတယ်။ မကြူဂလက်ကျွန်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းမှာ ဆလုံလူငယ်လေးတွေကို ဘာသာရေးနဲ့ တွဲဖက်ပြီး ပညာသင်ကြားပေးနေတာ တွေ့ခဲ့ရတယ်။

ဘကြီးဖြိုး – ကျန်းမာရေးအခြေအနေကော ဘယ်လိုလဲ။

ကျွန်တော် – အများအားဖြင့် ခေတ်မီဆေးဝါးတွေကို သုံးနေတာ တွေ့ခဲ့ရတယ်။ သူတို့ဒေသတွေမှာ ကျန်းမာရေးဝန်ထမ်းတွေရှိသလို တပ်မတော်ဆေးခန်းတွေလည်း သူတို့ရဲ့ ကျန်းမာရေးကို အခမဲ့တာဝန်ယူ စောင့်ရှောက်ပေးနေတာ မြင်ခဲ့ရတယ်။

ဘကြီးဖြိုး – ဘာသာစကားအကြောင်း ဆက်ပြီးရှင်းပြပေးစေချင်တယ်။

ကျွန်တော် – ဆလုံဘာသာစကားမှာ လေးမျိုးရှိတယ်။ အဓိက ဘာသာစကားကတော့ ဒန်း(DANG) ဆိုတာပဲဖြစ်တယ်။ မလေးလူမျိုးတွေနဲ့ ဆက်ဆံရင် လောတ(LAWTA) ဘာသာစကားနဲ့ ပြောတယ်။ မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ သဘာဝအမျိုးသားဥယျာဉ်ကြီးဖြစ်တဲ့ ဘုတ်ပြင်းမြို့နယ်တွင်းရှိ လန်းပိကျွန်းဘက်မှာ ဂျာအိ (JAIT)ဘာသာစကားနဲ့ ပြောကြတယ်။ ထိုင်းနဲ့နီးစပ်တဲ့ ကော့သောင်းဘက်မှာ လဘီ(LABI) စကားနဲ့ပြောကြတယ်။ မြိတ်မြို့တစ်ဝိုက်မှာတော့ မူလဘာသာစကားဖြစ်တဲ့ ဒန်း(DANG)ဘာသာစကားနဲ့ ပြောဆိုတာတွေ့ခဲ့ရတယ်။

ဘကြီးဖြိုး – အခုကြားရတဲ့ သတင်းအရ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက် အစိုးရတွေမှ မလုပ်ပေးခဲ့တဲ့ နိုင်ငံသားတိုင်းရပိုင်ခွင့်ရှိတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေက ၂၀၀၂ ခုနှစ် မတ်လ ၂၉ ရက်နေ့က မကြူဂလက်ကျွန်းမှာ ဆလုံတိုင်းရင်းသားတွေကို လာရောက်လုပ်ပေးခဲ့တယ်လို့ မိတ်ဆွေတစ်ဦး ပြောပြတယ်။

ကျွန်တော် – ဟုတ်ပါတယ်။ အဲဒီနေ့က ကျွန်တော်ဒီကျွန်းကို ရောက်ရှိနေတာနဲ့ ကြုံလို့မြင်ခဲ့ရပါတယ်။

ဘကြီးဖြိုး – အခုလ ဖေဖော်ဝါရီလထဲမှာ ကျင်းပမယ့် ဆလုံရိုးရာယဉ်ကျေးမှုပွဲတော်နဲ့ ပတ်သက်ပြီး အစီအစဉ်တွေ ဘယ်လိုရှိတယ်ဆိုတာ ပြောပြပါဦး။

ကျွန်တော် – ဆလုံရိုးရာယဉ်ကျေးမှုအကတွေနဲ့ ရိုးရာပျော်ပွဲရွှင်ပွဲတွေ ပါဝင်လိမ့်မယ်လို့ သိခဲ့ရတယ်။

ဘကြီးဖြိုး – ဆလုံရိုးရာအကကို မြင်ခဲ့ဖူးလား။ ဗမာတွေရဲ့ အကနဲ့ ဘယ်လိုကွာခြားလို့လဲ ။

ကျွန်တော် – ကျွန်တော်တို့ ဗမာအကမှာ အကနဲ့တူရိယာတွဲပြီး ဖြေဖျော်လေ့ရှိတယ်။ သူတို့မှာလည်း အလားတူပဲ ဖြစ်တယ်။ ကပွဲတစ်ပွဲစတော့မယ်ဆိုရင် ပထမအမျိုးသမီးတွေ ဘေးချင်းယှဉ်ပြီး တန်းစီကြတယ်။ တူရိယာဝိုင်းက တီးလုံးစတင်ခဲ့ရင် လက်နှစ်ဖက်ကို အပေါ်မြှောက်ပြီး လက်ချောင်းလေးတွေကို ကွေးဆန့်ရင်း ခြေလှမ်းတွေကို အကွက်ကျကျ စည်းဝါးကျကျ စတင်ရွေ့ကြတယ်။ တစ်ခါတလေ ခြေဖျားထောက်ပြီး ကြွကြွရွရွနဲ့ ကကြတယ်။ စည်းဝါးညီညီနဲ့ကရင်း ခန္ဓာကိုယ်ကိုလည်း ခါးမှနေပြီး ယိမ်းနွဲ့ကာ နွဲ့နွဲ့နှောင်းနှောင်း ယဉ်ကျေးသိမ်မွေ့စွာ ကကြတယ်။ သီချင်းဆိုသံကို တီးလုံးတီးခတ်မှုတွေနဲ့ ယှဉ်ပြီးကြည့်မယ်ဆိုရင် သာယာနာပျော်ဖွယ်ကောင်းပါတယ်။

ဘကြီးဖြိုး – တီးဝိုင်းနဲ့သီချင်းတွေက ဘယ်လိုရှိလဲ။

ကျွန်တော် – တီးဝိုင်းတစ်ခုမှာ ဗုံ၊ ပလွေတစ်ချောင်းနဲ့ ဝါးလက်ခုပ်တစ်ခုပါတယ်။ ဗုံကိုသမင်သားရေ သို့မဟုတ် တောဝက်သားရေနဲ့ ပြုလုပ်တယ်။ လိုအပ်တဲ့အသံတွေထွက်မယ့် ဗုံတစ်လုံးရရှိဖို့ အချိန်သိပ်ယူရတယ်။ သီချင်းသံတွေကတော့ နေရာဒေသလိုက်ပြီး အမျိုးမျိုးအသံ ထွက်ကြတယ်။

ဘကြီးဖြိုး – တပ်မတော်အစိုးရအနေနဲ့ ဆလုံတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့နဲ့ တိုင်းတစ်ပါးမှ ဝင်ရောက်လာမယ့် သရုပ်ပျက်ယဉ်ကျေးမှုတွေကို ကာကွယ်နိုင်ဖို့အတွက် ယခုလိုပြုလုပ်ပေးခဲ့တာကိုတော့ သိပ်ကျေးဇူးတင်ဖို့ ကောင်းတယ်လို့ ပြောရလိမ့်မယ်။

ကျွန်တော် – ဟုတ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုင်အမာတည်ဆောက်နိုင်ချိန်မှာ ဆလုံတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပလိုက်တာဟာ အလွန်ကောင်းမွန်သင့်မြတ်တဲ့ အစီအစဉ်တစ်ခုပါပဲ။ ။

ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစိတ္တာဗလ ကမ္ဘာ့ရွှေရင်အေး ဆရာတော်ကြီး ဦးစီးကျင်းပသော မဟာရွှေမြင့်မိုရ်ရှ ဓူဋ္ဌာမဏိ ဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ၁၀ ရက်နှင့် ၁၁ ရက်တွင် ဓမ္မစကြာဝတ်အသင်းအဖွဲ့များက ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၅ နာရီတွင် ပင့်သံဃာ ၁၀၈ ပါးတို့အား နှမ်းမန်းအရဏ်ဆွမ်းဆက်ကပ်ပြီး နံနက် ၆ နာရီခွဲတွင် မဟာရွှေမြင့်မိုရ်ရှူဋ္ဌာမဏိဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး နံနက် ၈ နာရီမှ စတင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် မြို့ကျက်သရေဆောင် မဟာတိလောကမှန်ကူသွန်းဘုရားကြီး ရာပြည့်အကြို (၉၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့မှ လပြည့်ကျော် ၂ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် အသံမစဲပဋ္ဌာန်းဒေသနာတော်ကြီးဖြင့် ဖွင့်လှစ်ပြီး တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနား၊ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ တစ်နှစ်တာကာလအတွင်း လှူဒါန်းခဲ့ကြသော ကောင်းမှုကုသိုလ် အစုစုအတွက် ရေစက်သွန်းချ အမျှအတန်း ပေးဝေခြင်း၊ ဆွမ်းဆန်တော်များ လောင်းလှူခြင်း ကျင်းပမည်ဖြစ်သည်။

မဟာတိလောကမှန်ကူသွန်းဘုရားကြီးနှင့် ရွှေသာလျောင်းရုပ်ပွားတော်မြတ်အား လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်မည်ဖြစ်ရာ စေတနာရှင်များ ပေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆင်းတုတော်များ ဝယ်ယူလှူဒါန်းပူဇော်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၄

မဟာမုနိ၊ လာဘမုနိ၊ ဈာနမုနိ အလိုတော်ပြည့် ဓမ္မစကြာဇောဓိမုဒြာ စုံလင်စွာဖြင့် မန္တလေးမြို့ နိုင်ငံကျော် ကြေးခတ်ပညာရှင်များနှင့် ကျောက်ဆစ်ပညာရှင်တို့၏ မြန်မာမှု လက်ရာမွန် ကြေးဆင်းတုတော်နှင့် ကျောက်ဆင်းတုတော်၊ ဘုရားဉာဏ်တော်မျိုးစုံနှင့် ဘုရားပလ္လင်၊ တရားဟောပလ္လင် အမျိုးမျိုးတို့ကို သမ္မတနိဗ္ဗာန် ကုန်ဆိုင် အမှတ် ၁၅၆ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်မီးပွိုင့်အနီး ဗဟန်းမြို့နယ် ရန်ကုန် ဖုန်း–၅၄၃၂၈၂၊ ၅၄၃၂၀၆ တို့သို့ ဆက်သွယ်၍ မန္တလေးဈေးနှုန်းအတိုင်း ဝယ်ယူပူဇော်နိုင်ပြီး ကျောင်း၊ အိမ်၊ ကား၊ ရထား၊ သင်္ဘောဆိပ်များသို့ အခမဲ့ပို့ဆောင် ပေးမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

ယခင် သီတင်းပတ်ကုန်ပိုင်း စနေနေ့က နှစ်ကြိမ်တိုင်တိုင် အတိုက်ခိုက်ခံရခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရာ အီရတ်နိုင်ငံတွင် အသေအပျောက်ရှိသော နောက်ထပ် သီတင်းပတ် ကုန်ဆုံးချိန်တစ်ခု ဖြစ်ခဲ့ရသည်။ အဆိုပါဖြစ်ရပ်က အပေါင်းပါတပ်ဖွဲ့တို့သည် ပစ်ပြေးစနစ် ကျင့်သုံးနေသော အီရတ်ပြောက်ကျားများအပေါ် နိမ်နင်းနိုင်စွမ်း ဆက်လက်နည်းပါးနေဆဲဖြစ်ကြောင်း သရုပ်ပေါ်လွင်နေသည်ဟု ဆိုသည်။

သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးအနက် အနည်းဆုံး သုံးဦးမှာ အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်းနှင့် အဆိုပါ တပ်မသည် လွန်ခဲ့သော နွေဦးပေါက်က အီရတ်တွင် စတင်တပ်စွဲဖြန့်ကျက်ခဲ့ပြီး ဧပြီလတွင် ပြန်လည်တပ်ဆုတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

— ဗုံးပေါက်ကွဲ —

စနေနေ့က စစ်ယာဉ်တန်းတစ်ခုသည် ကယ်ကွတ်မြို့တောင်ပိုင်းသို့ ခရီးဆန့်ခဲ့စဉ် လမ်းကွေ့တွင် ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။

တနင်္ဂနွေနေ့က အခြားအမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘာလက်မြို့အနီး အမေရိကန်စစ်စခန်းတစ်ခုကို ဒုံးကျည်ဖြင့် တိုက်ခိုက်စဉ် သေဆုံးခဲ့ပြီး အခြား တပ်ဖွဲ့ဝင် ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အမည်ကို တနင်္လာနေ့ နှောင်းပိုင်းအထိ တိတိကျကျ မသိရသေးသော်လည်း တာဝန်ရှိ ပုဂ္ဂိုလ်များကမူ သေဆုံးသူ တပ်ဖွဲ့ဝင်သည် ဖို့ဒ်ဟုခ်တပ်မှ ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုသည် ဘာလက်အခြေစိုက် ထောက်ပို့တပ်ရင်းကို ပစ်မှတ်ထားခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

ကင်းလှည့်စောင့်ကြပ်

ဖေဖော်ဝါရီ၂ရက်က အီရတ်နိုင်ငံ ခါဒီယာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်မြောက်ပိုင်းရှိ အမေရိကန်စစ်စခန်း တိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လူ ၁၂ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ရော့ကက်ဒုံးကျည်များဖြင့် တိုက်ခိုက်ကြရာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး တနင်္ဂနွေနေ့က သေဆုံးသွားပြီး အခြား လူ ၁၂ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း ကီလိုမီတာ ၈၀ ခန့်အကွာရှိ ဘာလက် အမေရိကန်အခြေစိုက်စခန်းတွင် ည ၁နာရီ ၁၅မိနစ်က တွန်းလှန်တိုက်ခိုက်သူများက ရော့ကက်ဒုံးကျည်ခုနစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ကြကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အခြား ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိသွားကာ နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေကြောင်း ၎င်းက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအပြီးတွင် အမေရိကန် တပ်ဖွဲ့ဝင်များက ယင်းဒေသတွင် သဲသဲမဲမဲ ရှာဖွေမှုပြုလုပ်ပြီး အမျိုးသား ၁၂ဦးနှင့် အမျိုးသမီးလေးဦးတို့အား ဖမ်းဆီးသွားသည်။

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဟု မေ ရက်က ကြေညာခဲ့ပြီးနောက် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသည့် ဦးရေသည် ၂၅၁ ဦးအထိ ရှိသွားပြီဖြစ်သည်။

အင်အင်န်အေ၊ ဆင်ဟွာ။

တိုနီဘလဲကို ဗြိတိန်ပြည်သူတို့ ယုံကြည်မှုကျဆင်း

လန်ဒန် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံအရေးနှင့် ပတ်သက်၍ အချိန်ကြာမြင့်စွာ ဖြစ်ပွားခဲ့သော အငြင်းပွားမှုတွင် ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း(ဘီဘီစီ)အပေါ် အောင်ပွဲဆင်နိုင်ခဲ့လင့်ကစား ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲအား ယုံကြည်အားထားမှုနှုန်းသည် ကျဆင်းခဲ့ကြောင်း သောကြာနေ့က ထုတ်ပြန်သည့် အလွတ်သဘော လူထုစစ်တမ်းများတွင် ဖော်ပြထားသည်။ သတင်းကြေညာသူကို အပြင်းအထန် ဝေဖန်ရှုတ်ချထားသည့် သတင်းကို ရာထူးမှ နုတ်ထွက်သွားသည့် ဘီဘီစီ အကြီးအကဲ ဂရက်ဒိုက်က တန်ပြန်ထိုးနှက်နေချိန်တွင် ဘီဘီစီနှင့် အငြင်းပွားမှုတွင် အောင်မြင်မှုရရှိခဲ့ခြင်းအပေါ် ဗြိတိန်အစိုးရ၏ အားရကျေနပ်မှုသည် ပြည်သူများ၏ ထောက်ခံမဲရမှုဖြင့် မျှဝေခံစားသင့်ကြောင်း အကဲခတ်သမားများက ထောက်ပြကြသည်။ *အမ်အင်အေ၊ရိုက်တာ။*

ဗြိတိန်ဝန်ကြီးချုပ် နေအိမ်ရှေ့ လူ ၂၀၀ခန့် ဆန္ဒပြ အီရတ်ကို စစ်ဆင်တိုက်ခိုက်မှု စုံစမ်းပေးရန် တောင်းဆို

လန်ဒန် ဖေဖော်ဝါရီ ၂

အီရတ်လက်နက်သတင်းနှင့် စပ်လျဉ်း၍ ရာထူးမှ နုတ်ထွက်သွားသော ဘီဘီစီညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်အား ထောက်ခံကြောင်း ဘီဘီစီ ဝန်ထမ်းများက သတင်းစာမျက်နှာပြည့် ကြော်ငြာထည့်စဉ် အီရတ်နိုင်ငံအား ဗြိတိန်နိုင်ငံက မည်သည့်အတွက် တိုက်ခိုက်ရသည်ကို စုံစမ်းပေးရန် တောင်းဆိုသည့် ဆန္ဒပြသမား ၂၀၀ ခန့်တို့က ဗြိတိန်ဝန်ကြီးချုပ် နေအိမ်အပြင်ဘက်တွင် စနေ့နေက စုရုံးရောက်ရှိလာကြသည်။

အီရတ်နိုင်ငံ၏ လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ သတင်း အချက်အလက်ကို လူထုပိုမိုစိတ်ဝင်စားအောင် ပုံကြီးချဲ့ရာတွင် အစိုးရတွင် တာဝန်မရှိဟု တရားသူကြီး လော့ဒ်ဟတ်တန်၏ သုံးသပ်တွေ့ရှိချက်က ဗြိတိန်ဝန်ကြီးချုပ်၏ ဩဇာတိက္ကမ ဂုဏ်သတင်းကို အထောက်အကူမဖြစ်ဘဲ ထိခိုက် ညှိုးမှိန်ရကြောင်း ဗြိတိန်ပြည်သူ အများစုက ယူဆကြောင်းဖြင့် စနေနေ့က ထုတ်ပြန်သည့် ပြည်သူ့ဆန္ဒသဘောထား စစ်တမ်းတွင် ဖော်ပြနေသည်။

ဆက်ဒမ်ဟူစိန်ထံမှ လူအစုအပြုံအလိုက် သေစေနိုင်သည့် ဖျက်အားပြင်း လက်နက်များ၏ ခြိမ်းခြောက်မှုကို ဖယ်ရှားပစ်ရန်၊ စစ်ရေးအရ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက အကြောင်းပြခဲ့သည်။ သို့သော် အမေရိကန်နှင့် အပေါင်းပါတပ်များအနေဖြင့် အီရတ်နိုင်ငံအတွင်း ထိုသို့သော ဖျက်အားပြင်း လက်နက်များ ယခုတိုင် ရှာမတွေ့ဖြစ်နေသည်။

ဗြိတိန်ဝန်ကြီးချုပ် နေအိမ်အပြင်ဘက်တွင် ဆန္ဒပြသမားများက ဝန်ကြီးချုပ် တိုနီဘလဲအား ဆန့်ကျင်သည့် ဆိုင်းဘုတ်များကို ဝေ့ယမ်းကိုင်ဆောင်ထားကြသည်။ ထို့ပြင် အီရတ်လက်နက် ခြိမ်းခြောက်မှုကို အစိုးရက သိလျက်နှင့် ပုံကြီးချဲ့သည်ဟု စွပ်စွဲသည်ဆိုကာ ဘီဘီစီအား ပြင်းပြင်းထန်ထန် ဝေဖန်ထားသည့် တရားသူကြီး လော့ဒ်ဟတ်တန်၏ အစီရင်ခံစာ မိတ္တူကိုလည်း ဆန္ဒပြသမားများက မီးရှို့ပစ်လိုက်ကြသည်။

ထိုအတောအတွင်း လော့ဒ်ဟတ်တန်၏ အစီရင်ခံစာ ထွက်ပြီးနောက် ရာထူးမှ ထွက်သွားသော ဘီဘီစီ ညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်အား ထောက်ခံသည့် ကြော်ငြာကို ဘီဘီစီ ဝန်ထမ်းများက ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာ စနေနေ့ထုတ်တွင် မျက်နှာပြည့် ထည့်လိုက်သည်။

ထိုအီရတ်သတင်းကိုရေးသူ ဘီဘီစီ သတင်းထောက် အင်ဒရူးဂီလ်လီဂန်သည် သောကြာနေ့က ရာထူးမှ နုတ်ထွက်လိုက်သည်။ သူသည် အီရတ်လက်နက် ပြဿနာနှင့် စပ်လျဉ်း၍ ဘီဘီစီမှ တတိယမြောက်ပုဂ္ဂိုလ် ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။ ဘီဘီစီ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဂါဗင် ဒေးဗီးစ်မှာ ဗုဒ္ဓဟူးနေ့က ရာထူးမှ ပထမဆုံး နုတ်ထွက်လိုက်သည်။

အင်တာနက်။

အယ်လ်ဂျာဇီယာ ရုပ်သံထုတ်လွှင့်ပြသမှု ပိတ်ပင်ချက်အား သတင်းစာဆရာများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ ရှုတ်ချ

နယူးယောက် ဖေဖော်ဝါရီ ၂

အယ်လ်ဂျာဇီယာရုပ်မြင်သံကြားသတင်းဌာနသည် အီရတ်အုပ်ချုပ်ရေး ကောင်စီ၏ သတင်းများအား တရားဝင် တစ်လကြာထုတ်လွှင့်ပြသမှုကြောင့် အဆိုပါကောင်စီက ပိတ်ပင်ရန် ဆုံးဖြတ်ချက်ကို သတင်းစာဆရာများ ကာကွယ်စောင့်ရှောက်ရေးကော်မတီက တနင်္လာနေ့တွင် ရှုတ်ချပြောကြားလိုက်သည်။

အန္တရာယ်ပြု

အဆိုပါ ရုပ်မြင်သံကြားသတင်းဌာနက တယ်လီဖုန်းဖြင့် ဆွေးနွေးနိုင်သည့် ဝေဖန်ပြောဆိုချက်များအား ထုတ်လွှင့်ပေးလျက်ရှိရာ ၎င်းထုတ်လွှင့်မှုသည် အီရတ်နိုင်ငံနှင့် ပြည်သူလူထုအား မလေးမခန့် ပြုလုပ်ခြင်းဖြစ်ပြီး ထင်ရှားသည့် ဘာသာရေးနှင့် နိုင်ငံရေးခေါင်းဆောင်များကို အန္တရာယ်ပြုခြင်းဖြစ်ကြောင်း၊ ယင်းထုတ်လွှင့်မှုကြောင့် ပိတ်ပင်တော့မည်ဖြစ်ကြောင်း အဆိုပါကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မာရုပ်ဟိုင်ဒါက စနေနေ့တွင် ပြောကြားသည်။ *အင်တာနက်။*

ဖို့ဒ်ဟုမှ အမေရိကန်တပ်ဖွဲ့ဝင် လေးဦး အီရတ်တွင် ဗုံးခွဲခံရ၍ သေဆုံး

ဖို့ဒ်ဟု ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံ ဖို့ဒ်ဟုတွင် စခန်းချသည့် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်လေးဦးတို့သည် အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့အနီး၌ ၎င်းတို့စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ဗုံးခွဲခံရပြီး ရက်သတ္တပတ်ကုန်က သေဆုံးကြောင်း အမေရိကန်ကာကွယ်ရေးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

တနင်္ဂနွေနေ့က သေဆုံးသူ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များမှာ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ကလီမင်တီမှ တပ်ကြပ်ကြီး အီးမီယာဆန်ဒိုဗာလ် (၂၇နှစ်)၊ ယူတားပြည်နယ် ရစ်ဗားဒေးလ်မှ တပ်ကြပ်ဂျေကာဘရယ်ဘာနူဟော့စ် (၂၅နှစ်)နှင့် မစ်ချီရန်ပြည်နယ် ဘေလာမှ တပ်သားဟိုးလီမက်ဂျော့(၁၉နှစ်)တို့ ဖြစ်သည်။ ၎င်းတို့သုံးဦးမှာ အမှတ်(၄)ရှေ့တန်း ထောက်ပို့တပ်ရင်း တပ်ခွဲ(က)တွင် ထရပ်ကားစက်ပြင်များအဖြစ် တာဝန်ထမ်းဆောင်သူများဖြစ်ကြောင်း ဖို့ဒ်ဟုမှ အရာရှိများက ပြောဆိုသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ၂ရက်က အီရတ်နိုင်ငံ အဘီးလ်မြို့တွင် အသေခံဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသည့် ကားတစ်စီးကို အီရတ်နိုင်ငံသား တစ်ဦးက ကြည့်ရှုနေစဉ်။

ဓာတ်ပုံ–အင်တာနက်။

အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီးလာရောက်စဉ် အီရတ်နိုင်ငံတွင် စစ်ယာဉ်ကိုဒုံးကျည်ဖြင့် ပစ်ခတ်

မိုဆူးလ် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံ၏ ဒေသဆိုင်ရာအာဏာပိုင်အရာရှိများနှင့် အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖိုဝစ်တို့ တနင်္လာနေ့က တွေ့ဆုံဆွေးနွေးနေစဉ် အမေရိကန်စစ်ယာဉ်တစ်စီးကို ခုခံရေးသမားများက လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်းသိရသည်။

အမေရိကန်ဗိုလ်မှူးချုပ် ကာတာဟမ်ကစရိက်တာ အမျိုးအစားစစ်သုံးယာဉ်မှာ လောင်ချာထိမှန်ခံရသော်လည်း အနည်းငယ်သာပျက်စီးခဲ့ရသည်ဟု ပြောကြားသည်။ စစ်ယာဉ်အနီးမှ ဖြတ်မောင်းသွားသော ကားတစ်စီးပေါ်မှ လောင်ချာဖြင့် ပစ်ခတ်သွားခြင်းဖြစ်ပြီး စစ်ယာဉ်မှာ ထူထဲလှသော သံချပ်ကာကြောင့် အပျက်အစီးနည်းခြင်း ဖြစ်ကြောင်း ဟမ်ကဆိုသည်။

ရှာဖွေနိုင်

ဟမ်မှာ အီရတ်နိုင်ငံမြောက်ပိုင်းရှိ တပ်များကို ဦးစီးရန် ဝင်ရောက်လာသော အမေရိကန်တပ်မှူးဖြစ်သည်။ စရိုက်တာ သံချပ်ကာယာဉ်ကို ပစ်ခတ်သွားသောကားကို နောက်ယောင် ခံရှာဖွေရန် ကီအိုဝါရဟတ်ယာဉ်ဖြင့် လိုက်လံကြိုးပမ်း ခဲ့သော်လည်း ရှာဖွေနိုင်ခဲ့ခြင်းမရှိဟု ဟမ်ကဆက်လက် ပြောကြားသည်။

အသစ်ပြန်လည်ပြုပြင်

အခင်းဖြစ်ပွားချိန်တွင် အမေရိကန် ဒုတိယ ကာကွယ်ရေးဝန်ကြီးသည် မြို့၏တစ်ဖက်ရှိ အသစ်ပြန်လည် ပြုပြင်ပြီးစီးသွားသော မြို့တော်ခန်းမတွင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံလျက်ရှိကြောင်း သိရသည်။

တနင်္လာနေ့က ဒုတိယကာကွယ်ရေးဝန်ကြီး ဝုဖိုဝစ်သည် စရိုက်တာစစ်ယာဉ်တန်းဖြင့် မြို့တွင်း၌ လှည့်လည်သွားလာခဲ့ပြီး ရဲစခန်းနှင့်တရားရုံးတို့ကို ဝင်ရောက်ကြည့်ရှုခဲ့သေးသည်ဟုဆိုသည်။

မည်သို့ဆိုစေကာမူ ယခုပစ်ခတ်ခံရသော စရိုက်တာစစ်ယာဉ်မှာ ဝုဖိုဝစ်၏ ခရီးစဉ်နှင့် တစ်စုံတစ်ရာ ဆက်စပ်ခြင်းမရှိကြောင်း ဟမ်ကပြောကြားသည်။

အထိအခိုက်မရှိ

လွန်ခဲ့သောသုံးလကလည်း ဝုဖိုဝစ်သည် အီရတ်နိုင်ငံသို့ အလည်အပတ်ရောက်ခဲ့သေးသည်။ ထိုစဉ်က ၎င်းတည်းခိုနေသော ဘဂ္ဂဒက်ရှိ ဟိုတယ်ကို ဒုံးများဖြင့် တိုက်ခိုက်ခံခဲ့ရသေးသည်။ သို့သော်ဝုဖိုဝစ်မှာ အထိအခိုက်မရှိဘဲ လွတ်မြောက်သွားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ၃ရက်က ကုလသမဂ္ဂ အဆောက်အအုံရှေ့တွင် ဟမ်းဗီး စစ်ကားတစ်စီးဖြင့် ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘုရှ်၏လက်ဦးမှု ရယူတိုက်ခိုက်ရေးမူဝါဒ အမေရိကန်ပြည်ထောင်စုကို ပြန်လည်ခြိမ်းခြောက်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အီရတ်စစ်ပွဲအကြိုကာလတွင် အမေရိကန်ထောက်လှမ်းရေး၏ မှားယွင်းလုပ်ဆောင်ချက်များကြောင့် ပြဿနာတက်ခဲ့ကြောင်း၊ ယခင်က အီရတ်နိုင်ငံအတွင်း အမေရိကန် ထိပ်တန်းလက်နက်ရှာဖွေစစ်ဆေးရေး တာဝန်ယူခဲ့သူ ဒေးဗစ်ကေးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ ထို့ကြောင့် သမ္မတဘုရှ်၏ လက်ဦးမှုရယူတိုက်ခိုက်ရေးမူဝါဒသည် အမေရိကန်ပြည်ထောင်စုကို ပြန်လည်ခြိမ်းခြောက်နေပြီဟု ဆိုသည်။

အီရတ်က ဇီဝလက်နက်နှင့် ဓာတုလက်နက်များဖြင့် စိုးရိမ်ဖွယ်ကောင်းသော အန္တရာယ်များကို သိမ်းကျုံးစုရုံးနေပြီး အကြမ်းဖက်ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်ရာတွင် အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် စစ်ရေးအရ လက်ဦးမှုယူရန် လုံလောက်သောအကြောင်းများ ခိုင်ခိုင်မာမာရှိနေသည် စသည်ဖြင့် သမ္မတဘုရှ်က ပြောဆိုခဲ့ပြီး ယင်းအချက်များကိုအခြေခံကာ အီရတ်ကို ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။

အကယ်၍ အမေရိကန်ပြည်သူများနှင့် အခြားကမ္ဘာ့နိုင်ငံများမှ ပြည်သူများအတွက် ယုံကြည်စိတ်ချလောက်သည့် ကောင်းမွန်တိကျသော ထောက်လှမ်းရေးသတင်းအချက်အလက်များကို အားကိုးအားထားပြု၍မရနိုင်လျှင် လက်ဦးမှုရယူရေးဆိုသည့် မူဝါဒတစ်ရပ်ပေါ်ထွက်လာရန် အကြောင်းမရှိဟု ဒေးဗစ်ကေးက တနင်္ဂနွေနေ့တွင် ဖောက်စ်သတင်းအစီအစဉ်သို့ ပြောကြားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်အတွင်း ရာထူးမှနုတ်ထွက်ခဲ့သော မစ္စတာကေးသည် အီရတ်တွင် ဇီဝလက်နက်နှင့် ဓာတုလက်နက်များ သိုလှောင်ထားခြင်းမရှိကြောင်း အပြီးသတ်အစီရင်ခံခဲ့ပြီးဖြစ်သည်။ အမေရိကန်သမ္မတရုံးကမူ အီရတ်စစ်ပွဲမတိုင်မီက ထောက်လှမ်းရေးသတင်းများကို ပြန်လည်သုံးသပ်ဦးမည်ဟုဆိုသည်။

အမေရိကန်ထောက်လှမ်းရေး၏ ညံ့ဖျင်းမှုကြောင့် ကမ္ဘာ့အမြင်တွင် အမေရိကန် သိက္ခာကျဆင်းနေကြောင်း ဒီမိုကရက်တစ်အမတ် ဂျိုးဇက်ဘီဒင်က ပြောကြားသည်။

ရီပတ်ဗလီကင်ပါတီမှ အမေရိကန်အထက်လွှတ်တော်အမတ် ချတ်ဟာဂျယ်ကလည်း အမေရိကန်အပေါ် အယုံအကြည်ကင်းမဲ့စေသည့် ထောက်လှမ်းရေး၏ မှားယွင်းလုပ်ဆောင်မှုများကို အနာဂတ်ကာလတွင် ကြိုတင်ကာကွယ်တားဆီးရန်လိုကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ယင်းကိစ္စသည် ထောက်လှမ်းရေး၏ စွမ်းဆောင်ရည်တစ်ခုတည်းနှင့်မဆိုင်ဘဲ နိုင်ငံ့ခေါင်းဆောင်များအပေါ် ယုံကြည်စိတ်ချမှုနှင့်လည်း ပတ်သက်နေသည်ဟု ၎င်းက စီအင်န်အင်န်ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲတွင်သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်၅၂၅ဦးရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များက စတင်ဝင်ရောက်တိုက်ခိုက်ပြီး ကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၅၂၅ ဦး သေဆုံးခဲ့ရကြောင်း ကာကွယ်ရေးဌာနက ပြောပြလိုက်သည်။

တပ်ဖွဲ့ဝင် ၃၆၆ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၅၉ ဦးသည် အခြားသောအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ဖော်ပြသည်။

ဗြိတိသျှစစ်ဘက်က တပ်ဖွဲ့ဝင် ၅၇ ဦး၊ အီတလီက ၁၇ ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားက ငါးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်နိုင်ငံတို့က တစ်ဦးစီသေဆုံးကြောင်း ကြေညာသည်။

အမေရိကန် သမ္မတဂျော့ဂျ်၊ ဘုရှ်က အီရတ်နိုင်ငံတွင် အဓိက တိုက်ခိုက်မှုများ ပြီးဆုံးသွားကြောင်း ကြေညာပြီး ခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၃၈၆ ဦးသေဆုံးခဲ့ပြီး ၂၄၈ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၃၈ ဦးသည် အခြားသော အကြောင်းများကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟုဆိုသည်။

အမေရိကန်စစ်ဘက်က အီရတ်စစ်ပွဲစတင်ခဲ့ကတည်းက အမေရိကန် တပ်ဖွဲ့ဝင် ၂၅၉၀ တို့သည် တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး အခြားအကြောင်းများကြောင့် ၄၀၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် စာရင်းအရ သိရသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ဖေဖော်ဝါရီ ၁ရက်က အီရတ်နိုင်ငံ အာဘီးလ်မြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရသူ ကလေးငယ်တစ်ဦး ခြေနှစ်ဖက်စလုံးတွင် ပတ်တီးစည်းထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်ဆိုင်ရာ ထောက်လှမ်းရေးသတင်းများကိစ္စ လက်ဦးမှုရယူတိုက်ခိုက်သည့် ဘုရှ်၏မူဝါဒကို အားနည်းစေခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက လွန်ခဲ့သည့်နှစ်တွင် ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းမပြုမီက ပြောကြားခဲ့သည့် ထောက်လှမ်းရေးသတင်းနှင့် ပတ်သက်၍ ငြင်းခုံမှုဖြစ်ပွားနေခြင်းသည် ရန်သူများဟု ယူဆရသူများအား လက်ဦးမှုယူ၍ စစ်ရေးအရ တိုက်ခိုက်သည့် အမေရိကန် သမ္မတဘုရှ်၏ မူဝါဒကို တဖြည်းဖြည်း အားနည်းစေနိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရှာဖွေမတွေ့ရှိ

အီရတ်နိုင်ငံ၏ အစုအပြုံလိုက် သေစေသည့် အဖျက်လက်နက်များ ရှာဖွေ မတွေ့ခဲ့မှုက သမ္မတဘုရှ် အစိုးရ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ မူဝါဒ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဩဝါဒအား ဂုဏ်သိက္ခာထိခိုက်စေကြောင်း အမေရိကန်ထိပ်တန်းလက်နက်ရှာဖွေရေး ခေါင်းဆောင်ဟောင်း ဒေးဗစ်ကေးက ရုပ်မြင်သံကြားမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။

အမေရိကန်ပြည်သူလူထုနှင့် ပြည်ပမှ အခြားပြည်သူလူထုက ယုံကြည်လောက်သည့် ကောင်းမွန်ပြီး တိကျသည့် ထောက်လှမ်းရေးသတင်းကို မှီခိုခြင်းမပြုနိုင်ပါက လက်ဦးမှုယူ၍ စစ်ရေးအရ တိုက်ခိုက်သည့် မူဝါဒကို သင့်အနေဖြင့် မရရှိနိုင်ကြောင်း ဒေးဗစ်ကေးက ဖောက်စ်ရုပ်မြင်သံကြားအားပြောကြားသည်။

မိန့်ခွန်းပြောကြား

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်ပြည်ထောင်စု အတိုက်ခံရပြီးသည့်နောက် သမ္မတဘုရှ်က မိမိနိုင်ငံအတွက် ခြိမ်းခြောက်မှုအဖြစ် အန္တရာယ်ရှိစေသည့် နိုင်ငံများ၊ သို့မဟုတ် အုပ်စုများအား ရိုးသားစွာဖြင့် ဟန့်တားမှု သို့မဟုတ် ထိန်းချုပ်မှုပြုရန် နည်းလမ်းရှာကြံ မနေနိုင်တော့ကြောင်း လွန်ခဲ့သည့်နှစ်နှစ်က မိန့်ခွန်းပြောကြားရာတွင် ၎င်း၏ မူဝါဒကို ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့က ရန်သူအား စစ်ဆင်နွှဲရမည်ဖြစ်ကြောင်း ဘုရှ်ကပြောကြားခဲ့သည်။ အီရတ်နိုင်ငံသည် ဘုရှ်၏ မူဝါဒအား ပထမဆုံး စမ်းသပ်ခဲ့သည့် သာဓကဖြစ်သည်။ ဆက်ဒမ်ဟူစိန်၏ နျူကလီးယား၊ ဓာတုနှင့် ဇီဝအဖျက်လက်နက်များသည် စိုးရိမ်ဖွယ်ရာကောင်းသည့် ဘေးအန္တရာယ်များဖြစ်ကြောင်း ဘုရှ်ကပြောကြားပြီး ကုလသမဂ္ဂက ၎င်းအားထောက်ခံမှုပေးရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂက ထောက်ခံခြင်း မရှိသောကြောင့် အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့သည်။

ထုတ်ဖော်ပြောကြား

ဆက်ဒမ်ဟူစိန်ရာထူးမှ ပြုတ်ကျပြီး အဖမ်းခံခဲ့ရသော်လည်း အီရတ်စစ်ပွဲတိုက်ခိုက်မှုသည် တရားမျှတသည်ဟု အမေရိကန်ပြည်ထောင်စု၏ ပြောကြားချက်နှင့် ပတ်သက်၍ ငြင်းခုံမှုသည် ယနေ့တိုင် ပျောက်ကွယ်သွားမှုမရှိသေးဟု ဒေးဗစ်ကေးက အီရတ်နိုင်ငံ၏ အဖျက်လက်နက်များ မရှိနိုင်ဟု ထုတ်ဖော်ပြောကြားချက်က ယင်းသို့ ငြင်းခုံမှုကို ပိုမိုအရှိန်ပြင်းထန်စေသည်။

ပြောကြား

သမ္မတဘုရှ်၏ မူဝါဒသည် ထောက်လှမ်းရေး သတင်းများ၏ မှားယွင်းမှု၊ အားနည်းမှုတို့ကြောင့် စုတ်ပြတ်သတ်ပြီး သုံးမရဖြစ်နေကြောင်း နိုင်ငံခြားမူဝါဒ မဂ္ဂဇင်း၏ စီမံခန့်ခွဲမှု အယ်ဒီတာဂစ်ဒီယွန်ရို့စ်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အမေရိကန်တပ်ဖွဲ့၏ မဆင်မခြင် ပစ်ခတ်မှုများကြောင့် အပြစ်မဲ့အီရတ်ပြည်သူများ သေဆုံးခဲ့ကြရမှု

အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင်ပစ်ခတ်သည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲများတွင် လူအုပ်အတွင်းသို့ အမေရိကန်တပ်ဖွဲ့က ပစ်ခတ်မှုများ ပြုလုပ်ခဲ့သဖြင့် ဝေဖန်ခံခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် နေအိမ်များအတွင်းသို့ အဓမ္မ ဝင်ရောက်စီးနင်းမှုများပြုလုပ်လေ့ရှိပြီး ၎င်းကိစ္စအပေါ် ကန့်ကွက်ဆန္ဒပြမှုများတွင် တောင်းဆိုချက်များကို လျစ်လျူရှုကာ ပစ်ခတ်၍ လူစုခွဲခဲ့သည်။

ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့အား ကန့်ကွက်ဆန္ဒပြကြသည့် လူအုပ်အတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ မဆင်မခြင် ပစ်ခတ်သဖြင့် သေဆုံးဒဏ်ရာရခဲ့ကြသည့် အပြစ်မဲ့ အီရတ်ပြည်သူများကို ၂၀၀၃ခုနှစ် မေ ၃၀ ရက်က တွေ့ရစဉ်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၇ ရက်က ဈေးဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆန္ဒပြတောင်းဆိုနေသော ဈေးဆိုင်ပိုင်ရှင်များကိုတွေ့ရစဉ်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဈေးဆိုင်ပိုင်ရှင်သုံးဦး သေဆုံးခဲ့ရသည်။



၂၀၀၃ခုနှစ် ဩဂုတ် ၂၉ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော ရိုက်တာသတင်းထောက် မာဇင်ဒါနား၏ ဈာပနအခမ်းအနား၌ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးကာ ဆန္ဒပြကြစဉ်။



သေနတ်ဒဏ်ရာရ

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် အနောက်ဘက် ၆၈မိုင်အကွာ ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာရရှိခဲ့သော အီရတ်လူမျိုးတစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။

အမေရိကန်တပ်ဖွဲ့၏ မဆင်မခြင်ပစ်ခတ်မှုများကြောင့် အီရတ်ပြည်သူများ သေဆုံးခဲ့ကြရမှု

ရက်စွဲ	နေရာ	ပစ်ခတ်ခံရမှုများ	သေဆုံးသူ ဦးရေ
၄-၄-၂၀၀၃	ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဆေးရေးဂိတ်	အရပ်သားများ	၆
၇-၄-၂၀၀၃	ဘဂ္ဂဒက်အဝေးပြေးလမ်းမအမှတ်(၁)	အရပ်သားများ	၁၅
၁၁-၄-၂၀၀၃	ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဆေးရေးဂိတ်	အရပ်သားများ	၃
၁၅-၄-၂၀၀၃	မိုဆူးလ်	အုပ်ချုပ်ရေးမှူးကို ဆန္ဒပြသူများ	၁၅
၁၆-၄-၂၀၀၃	မိုဆူးလ်	လူအုပ်	၄
၂၈-၄-၂၀၀၃	ဘဂ္ဂဒက်	ဆန္ဒပြသူများ	၁၅
၃၀-၄-၂၀၀၃	ဘဂ္ဂဒက်	ဆန္ဒပြသူများ	၃
၈-၆-၂၀၀၃	ဖော်လူဂျာ	မှားယွင်းပစ်ခတ်ခြင်း	၁
၁၈-၆-၂၀၀၃	ဘဂ္ဂဒက်	ဆန္ဒပြသူများ	၂
၂၇-၆-၂၀၀၃	ဘဂ္ဂဒက်	မှားယွင်းပစ်ခတ်ခြင်း	၁
၂၇-၇-၂၀၀၃	ကာဘာလာ	ဆန္ဒပြသူများ	၂
၈-၈-၂၀၀၃	ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဆေးရေးဂိတ်	အရပ်သားများ	၆
၁၆-၈-၂၀၀၃	ဘာဆာရာ	ရေလုပ်သားများ	၂
၆-၉-၂၀၀၃	အီရတ်တောင်ပိုင်းပိုလန်စစ်ဆေးရေးဂိတ်	မိနီဘတ်စ်	၁
၁၃-၉-၂၀၀၃	နာဆီရီယာ	ဆန္ဒပြသူများ	၁၂
၂၀-၁၀-၂၀၀၃	ဖော်လူဂျာ	ထရပ်ကားယာဉ်မောင်း	၂
၂၇-၁၀-၂၀၀၃	ဖော်လူဂျာ	ထရပ်ကားများ	၆
၂-၁၁-၂၀၀၃	ဘာလတ်မြို့အနီး	ထရပ်ကားများ	၆
၁၁-၁၁-၂၀၀၃	ဖော်လူဂျာမြို့ဝင်ဂိတ်	ကြက်ခြင်းတင်ကား	၅
၁၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	ဈေးဆိုင်ပိုင်ရှင်များ	၃
၁၅-၁၂-၂၀၀၃	ရာမာဒီ	ဆန္ဒပြသူများ	၂
		စုစုပေါင်း	၁၁၂

၂၀၀၃ခုနှစ် စက်တင်ဘာ ၁၃ ရက် က အီရတ် နိုင်ငံ နာဆီရီယာမြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြပွဲ၌ ဒဏ်ရာရရှိခဲ့သူတစ်ဦးကို တွေ့ရစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
တစ်နှစ်ထွက်စပါးတင်း(သန်း)	၃၂	၅၀
ငရုတ်ကောင်းစိုက်ဧက	-	၁၀၀၀၀
သစ်ဆိမ့်စိုက်ဧက	-	၁၀၄၀၃
ဆည်/တမံ		
ရေလှောင်တမံ	-	၅
ရေထိန်းတံခါး	-	၂
လမ်းပန်းဆက်သွယ်ရေး		
လမ်းမိုင်	၉၈၈	၁၅၆၄
ရထားလမ်းမိုင်	၁၈၂	၂၁၃
ပေ ၁၈၀ အထက်တံတား	၃	၆
ပြန်ကြားရေး		
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၃	၁၄
ပြန်/ဆက်ရုံး	-	၁၀
စာကြည့်တိုက်	-	၁၀
ဆက်သွယ်ရေး		
စာတိုက်	၅၈	၆၃
ကြေးနန်းရုံး	၃	၅
တယ်လီဖုန်းအိတ်ချိန်း	၁၁	၂၆
တယ်လီဖုန်း	၂၄၉၀	၇၆၄၇

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပညာရေး		
တက္ကသိုလ်၊ကောလိပ်	၁	၄
အခြေခံပညာကျောင်း	၁၂၀၅	၁၃၅၄
ကျန်းမာရေး		
ဆေးရုံများ	၇	၁၀
တိုက်နယ်ဆေးရုံ	၁၀	၁၅
တိုင်းရင်းဆေးရုံ	-	၁
တိုင်းရင်းဆေးခန်း	၄	၁၀

၂၆-၁၁-၂၀၀၃ ရက်က ဖွင့်လှစ်ခဲ့သည့် မွန်ပြည်နယ်ရှိ ရေးမြစ်ကူးတံတားကြီးကို တွေ့ရစဉ်။

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

ဝင်းဖနုံရေလှောင်တမံ

လက်မြေဧက ၁၃၀၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေအကျိုးပြုလျက်ရှိသည့် မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ဝင်းဖနုံရေလှောင်တမံကို တွေ့ရစဉ်။



သံလွင်တံတား(မော်လမြိုင်)

မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးဖြစ်လာမည့် မွန်ပြည်နယ်ရှိ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်မှုမြင်ကွင်းကို တွေ့ရစဉ်။



ပအိုဝ်းတိုင်းရင်းသားများသည် စိတ်သဘောထားဖြူစင်သည်။ ရိုးသားသည်။ ပွင့်လင်းသည်။ ပအိုဝ်းတိုင်းရင်းသားတို့နေထိုင်ရာ ဒေသသည် ရေခံမြေခံကောင်းသည်။ ပအိုဝ်းတိုင်းရင်းသားများ၏ ပင်ကိုသဘာဝလေ့စရိုက်နှင့် ရေခံမြေခံကို လေ့လာနိုင်ရန် သတင်းအဖွဲ့သည် ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ကျောက်တစ်လုံး ဒေသသို့ရောက်ရှိခဲ့ပြီး နိုင်ငံအကျိုး၊ ဒေသအကျိုးဆောင်ရွက်နေသော ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တွေ့ဆုံခဲ့သည်။ ဦးအောင်ခမ်းထီ ပြောကြားခဲ့သော ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့်အချက်များကို ပြန်လည်ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်ပိုမိုထွန်းကားရေး တိုင်းရင်းသားအားလုံးမှာတာဝန်ရှိ “သမဂ္ဂါနံ တပေါ သုခေါ” စုပေါင်းဆောင်ရွက်လျှင် အေးချမ်းသည့်ရလဒ်ရမည် ကာယဉာဏ စွမ်းအားရှိသလောက် တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းကြိုးစား

တွေ့ဆုံမေးမြန်းသူ – မောင်မောင်ကျော်၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဆောင်းပါး

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ အမျိုးသားရေး မူဝါဒများ ချမှတ်ကျင့်သုံး ဆောင်ရွက်ခဲ့ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထားကြိုးပမ်း၍ အဓိက လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယနေ့ကာလ၌ နိုင်ငံတော်၏ စေတနာမှန်ကို သိမြင်ပြီး တစ်ဦးအပေါ်တစ်ဦး ယုံကြည်ကိုးစားမှု၊ အပြန် အလှန်နားလည် စာနာမှုတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး တရားဥပဒေ ဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးအဖွဲ့ ပေါင်း ၁၇ဖွဲ့ရှိခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထား ကြိုးပမ်းခဲ့မှုကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ကိုင်လာနိုင်ခဲ့သည်။ မည်သည့်ခေတ် မည်သည့်ကာလကမျှ မရှိခဲ့ဖူးသော ငြိမ်းချမ်းရေး အသီးအပွင့်များကို တိုင်းရင်းသားညီအစ်ကိုများ ရရှိခံစားနေကြပြီ ဖြစ်သည်။

ထိုသို့ ငြိမ်းချမ်းရေးအသီးအပွင့်များရရှိခံစားနေရပုံ၊ ပြည်ထောင်စု စိတ်ဓာတ်ပိုမို ခိုင်ကျည်မြဲမြံစွာဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နေပုံများကို ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်း တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီအား သတင်း အဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ အတိတ်ကာလပအိုဝ်းဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သိပါရစေ။

ထီ။ ။ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ ရုပ်တရားက ဖော်ပြနေပါတယ်။ တစ်ချိန်တစ်ခါတုန်းက မိဘပြည်သူတွေ မည်မျှ ချမ်းသာသုခရလိုတဲ့ဆန္ဒ ရှိပေမယ့် နယ်မြေဒေသ အေးချမ်းမှုမရှိတဲ့အတွက်ကြောင့် ဘာမှမလုပ်နိုင်ခဲ့ပါဘူး။ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ မတိုးတက်ခဲ့ပါဘူး။ အရင်က ဆေးရုံကြီး မပြောနဲ့၊ တိုက်နယ်ဆေးရုံမပြောနဲ့၊ သားဖွားခန်းလေးတောင် အနိုင်နိုင်ပါပဲ။

မေး။ ။ ယခုအခြေအနေကိုလဲ ပြောပြပေးပါဦး။

ထီ ။ ။ အခုတော့ အားလုံးဖွံ့ဖြိုးတိုးတက်နေပါပြီ။ နိုင်ငံတော်ရဲ့ မေတ္တာစေတနာကြောင့် ရပ်သူရွာသားတွေဟာ စိတ်ရှိသလောက်၊ ဆန္ဒရှိ သလောက်၊ ခွဲလုံ့လရှိသလောက် လုပ်နိုင် ကိုင်နိုင်နေပါပြီ၊ ဒါပေမယ့် ဒါဟာ အတော်လေးပြည့်စုံပြီလို့ မဆိုနိုင်သေးပါဘူး၊ စခါစပဲရှိပါသေးတယ်၊ တဖြည်းဖြည်းနဲ့တော့ တိုးတက်လာပါလိမ့်မယ်၊ တစ်ချိန် တစ်ခါတုန်းက ဒီဒေသက အသက် ၆၀ ကျော်အရွယ်ရှိတဲ့သူတွေဆို မြို့ကြီးပြကြီး၊ မန္တလေးမပြောနဲ့ တောင်ကြီးတောင် မရောက်ဖူးပါဘူး။ နောက်ပိုင်းကားလမ်း၊ ရထားလမ်းတွေဖြစ်လာတော့ ဒီကရှိတဲ့လူတွေဟာ ကိုယ့်မှာရှိတဲ့ ပိုလျှံတဲ့ထွက်ကုန်တွေကို တောင်ကြီးအထိ တက်ရောင်းနိုင်ပါတယ်။ မြို့ပေါ်မှာလဲ သုံးနိုင်၊ အပိုအလျှံတွေလဲဖြစ်လာပါတယ်။ တစ်ဆက်တည်းမှာပဲ မြို့ပြနဲ့ အကျွမ်းတဝင် ဖြစ်လာတော့ သူတို့ရဲ့ အတွေးအမြင်တွေ ကြွယ်ဝလာပါတယ်။ အခုဆိုရင် ရထားမပြောနဲ့ ကားတောင်မစီးဖူးတဲ့သူတွေ ကားတွေ၊ ရထားတွေနဲ့ သွားလာနိုင်ပါပြီ။

မေး။ ။ ခုလိုတိုးတက်ဖွံ့ဖြိုးတိုးတက်ခဲ့တာ ဘာကြောင့်လို့ ထင်ပါသလဲ။

ထီ။ ။ အဓိကကတော့ ပြောရရင် နိုင်ငံတော်ရဲ့ မေတ္တာစေတနာကြောင့်ပါပဲ။ နိုင်ငံတော်ရဲ့စေတနာကြောင့် တောင်ပေါ်မြေပြန့် မခွဲခြား အားလုံးတစ်ပြေးညီတိုးတက်လာပါပြီ၊ ဥဒေါင်းမြတ်ပမာလို တဖြည်းဖြည်း လှပလာပါပြီ၊ မြေကြီးကို အကြောင်းပြုပြီး ချမ်းသာလာပါပြီ၊ အဘတို့ ဒေသမှာပိုပြီး အားသာတာက တဘက်ချောင်းကြီးက စီးဆင်းနေတော့ ပိုပြီးအခွင့်အရေးရလာပါတယ်။ နောက်ပြီးဟိုတုန်းက ဘုန်းတော်ကြီးသင် ကျောင်းသာရှိရာက မူလတန်းကျောင်းတွေ၊ အလယ်တန်းကျောင်းတွေ၊ အထက်တန်းကျောင်းတွေ ဖြစ်လာပါပြီ။ ဒီလိုတိုးတက်မှုရဲ့ ရေခံမြေခံက နိုင်ငံတော်ရဲ့ စေတနာမေတ္တာတရားပါပဲ၊

မေး။ ။မျက်မှောက်ကာလတိုးတက်မှုနဲ့အတူ ပြည်ထောင်စု စိတ်ဓာတ် ပိုမိုတိုးတက်ခိုင်မြဲလာအောင် တိုင်းရင်းသားအားလုံး ခံယူရမယ့် သဘောထားကို သိပါရစေ။

“ပြည်ထောင်စုစိတ်ဓာ…
တွေအားလုံးမှာ တာဝန်ရှိပါ…
ပေါင်းစုံ စုစည်းနေထိုင်တဲ့…
ပြောရရင် ပန်းပေါင်းစုံ ဖူးပွ…

မိမိတို့မှာ အမြင်ကျဉ်းမြောင်း…
တို့ဟာ ပြည်ထောင်စုသားဝေ…
အောက်မှာ စုပေါင်းပြီး အေ…

မေး။ ။တိုင်းပြည်ပိုမိုဖွံ့ဖြိုး… ပြည်ထောင်စုသား … ကိုသိပါရစေ။

ထီ။ ။ စစ်အတွင်းကာလ… အတူတကွခံခဲ့ကြရတယ်။ လွ… ကျွန်သပေါက်ဘဝကလွတ်မြေ… တဲ့တိုင်းပြည်အဖြစ်ခံယူပြီး ဝင့်… အနေအထား၊ တိုင်းပြည်ရဲ့…

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ချိုင့်ဝှမ်းသုံးခုရှိသည်။ ထိုချိုင့်ဝှမ်းသုံးခုအနက် ပအိုဝ်းဒေသမှ ဟိုပုန်းချိုင့်ဝှမ်းလည်း အပါအဝင်ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားများနေထိုင်ရာ ဟိုပုန်းချိုင့်ဝှမ်းတွင် တဘက်ချောင်းကြီးက အလယ်မှ ဖြတ်သန်းစီးဆင်းနေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ အောက်ပုံမှာ ဒေသခံတိုင်းရင်းသားများ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းကြီးကို ဤသို့ တမျှော်တခေါ်တွေ့ခဲ့ရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းဒေသတွင် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းမှသည် ဒေသဖွံ့ဖြိ… ဒေသခံတိုင်းရင်းသား တို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ခဲ့ရာ ကျောက်တစ်လုံးဒေသရှိ ဖုန်ဆွေ… အဆောက်အအုံများ ပေါ်ထွန်းနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ထီ။ ။ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားရေးမှာ တိုင်းရင်းသားတွေအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဥပမာတင်စားပြီးပြောရရင် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေတဲ့ ပန်းဥယျာဉ်တစ်ခုပါပဲ၊ စကားအနေ အထားအရရော၊ စာပေအနေအထားအရပါ အပြောအဆို အနေအထား အရပါ တစ်မူထူးခြားကွဲပြားတဲ့ အနေအထားရှိပေမယ့် အဘတို့ရဲ့ဘဝ ကံကြမ္မာအရ တစုတစည်းတည်း ဖြစ်တည်နေတာပါပဲ၊ တစုတစည်းဖြင့် ရပ်တည်နေတာကို တရားစကားနဲ့ ပြောရရင် ‘သမဂ္ဂါနံတပေါသုခေါ’တဲ့၊ စုပေါင်းပြီး ဆောင်ရွက်ရင် အေးချမ်းတဲ့ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။

အဘတို့ရဲ့ ကာယဉာဏစွမ်း… တိုးတက်ကြောင်း ကြိုးစားကြ… တော့ ကျန်တဲ့ တိုင်းရင်းသား ဉ… တယ်။ ပင်စည်ကြီး ခိုင်မာမြဲမြံ… ဖူးပွင့်ဝေဆာမှာဖြစ်တယ်။

မေး။ ။ အတိတ်က လွဲမှာ… အယူအဆကွဲပြားခြာ…

ထီ။ ။အဘအနေနဲ့ ပြော… ဘဝရေစက်ဖြစ်တယ်၊ ဘဘသ…

"ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားရေးမှာ တိုင်းရင်းသားတွေအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ ဥပမာတင်စားပြီးပြောရရင် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေတဲ့ ပန်းဥယျာဉ် တစ်ခုပါပဲ"

ဦးအောင်ခမ်းထီ

ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်။

မိမိတို့မှာ အမြင်ကျဉ်းမြောင်းနေလို့မရဘူး အမြင်ကျယ်ရမယ်၊ အဘတို့ဟာ ပြည်ထောင်စုသားတွေဖြစ်လို့ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ စုပေါင်းပြီး အေးအတူပူအမျှ နေထိုင်ကြရမယ်။

မေး။ ။တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုသား တိုင်းရင်းသားအားလုံး ပါဝင်ဖို့ လိုအပ်ပုံကိုသိပါရစေ။

ထီ။ ။ စစ်အတွင်းကာလကလည်း ပြည်ထောင်စုသားတွေ အတူတကွခံခဲ့ကြရတယ်။ လွတ်လပ်ရေးရပြန်တော့လည်း အားလုံးဟာ ကျွန်သပေါက်ဘဝကလွတ်မြောက်ပြီး လွတ်လပ်တဲ့လူမျိုး၊ လွတ်လပ်တဲ့တိုင်းပြည်အဖြစ်ခံယူပြီး ဝင့်ဝင့်ကြွားကြွား နေခဲ့ကြရတယ်၊ အဘတို့ရဲ့ အနေအထား၊ တိုင်းပြည်ရဲ့အနေအထားအရ စုပေါင်းလက်တွဲပြီး

ည်ငြိမ်ခြင်းမှသည် ဒေသဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကြောင့်
ျာက်တစ်လုံးဒေသရှိ ဖုန်ဆွေပင်ကျေးရွာကလေး၌ နေအိမ်တိုက်တာ

အဘတို့ရဲ့ ကာယဉာဏစွမ်းအားရှိသလောက် တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားကြရမယ်၊ ပြည်ထောင်စုဟာ ပင်စည်ဖြစ်ပြီးတော့ ကျန်တဲ့ တိုင်းရင်းသား ညီအစ်ကိုတွေဟာ အကိုင်းအခက်တွေပဲဖြစ်တယ်။ ပင်စည်ကြီး ခိုင်မာမြဲမြံမှသာလျှင် အကိုင်းအခက်အသီးအနှံတွေ ဖူးပွင့်ဝေဆာမှာဖြစ်တယ်။

မေး။ ။ အတိတ်က လွဲမှားတဲ့အယူအဆနဲ့ ယနေ့ကာလမှန်ကန်တဲ့ အယူအဆကွဲပြားခြားနားပုံကို သိပါရစေ။

ထီ။ ။အဘအနေနဲ့ ပြောလိုတာက ပြည်ထောင်စုသားအားလုံးဟာ ဘဝရေစက်ဖြစ်တယ်၊ ဘာသာတရားနဲ့ ပြောမယ်ဆိုရင်ပဋ္ဌာန်းအကျိုး ဆက်ကြောင့် အခုလိုလာဆုံတွေ့ကြတယ်။ အားလုံးဟာ ညီအစ်ကိုတွေပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မျက်နှာအသွင်ပြင် တူနေလို့ပါပဲ၊ ဒါဟာဘဝ အကျိုးပေးတူတာကြောင့် ဒီမြေဒီရေမှာပဲ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက အတူတကွ နေထိုင်ခဲ့ကြလို့ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာ စည်းခြားတဲ့ အနေအထားနဲ့ တွေးခေါ်နေရင် မောရုံပဲဖြစ်ပါတယ်။ တိုင်းပြည်လဲနာပါတယ်၊ အချိန်လည်း နောက်ကျပါတယ်။ တစ်ချိန်တစ်ခါက ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက် နိုင်ငံရေး အစာမကျေမှုတွေကြောင့် တိုင်းတစ်ပါးသားတွေ ပြောတာကို ယုံကြည်မက်မောပြီး အရူးထကြလို့ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရတယ်။ ဒါမှမဟုတ်ရင် ဒီထက်မက တိုးတက်နေပါပြီ။

မေး။ ။အနာဂတ်နိုင်ငံတော်ကြီး တိုးတက်အောင် ရှေ့ဆက်လျှောက်လှမ်းမယ့် လုပ်ငန်းအစီအစဉ်များကို သိပါရစေ။

ထီ။ ။ပြီးခဲ့တာတွေကို အဘတို့ သင်ခန်းစာရယူပြီးတော့ ရှေ့ဆက်ပြီး ခရီးမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့၊ အမြင်ရှင်းရှင်းနဲ့ လူမျိုးရေးသံသယတွေ ပယ်ဖျောက်ပြီးတော့ နိုင်ငံတော်ရဲ့ ဦးဆောင်မှုကို အကြွင်းမဲ့ လက်ခံယုံကြည်မယ်။ လိုက်နာဆောင်ရွက်ကြမယ်။ သိပ်မကြာတော့တဲ့ အနာဂတ်ကာလမှာ အဘတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ညီနောင်အာရှနိုင်ငံများ နည်းတူတိုးတက်လာမှာပါ။ ဒီနေ့ဒီအခါမှာ မြန်မာနိုင်ငံဟာ အရင်ကထက်စာရင် အတော်တိုးတက်နေပါပြီ။ ဒါဟာ အဘတို့အမြင်ပါ၊ လူငယ်တွေက ဒီထက်ပိုမြင်မှာပါ။

ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ၏ ပြောကြားချက်များသည် လက်ရှိပကတိအရှိတရားများနှင့် ထင်ဟပ်လှသည်။ အတိတ်ကာလက နယ်ချဲ့တို့၏သွေးခွဲမှုကြောင့် တိုင်းရင်းသားများအချင်းချင်းသံသယပွားကာ လွဲမှားသော အတွေးအခေါ် အယူအဆများဖြစ်ပေါ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပုံ၊ မျက်မှောက်ကာလ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မေတ္တာစေတနာတို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်လာခဲ့ပြီး နိုင်ငံအတွင်း ဒေသခံတိုင်းရင်းသား ပြည်သူတို့၏ လူမှုဘဝအေးချမ်းသာယာပုံများကို စာရေးသူတို့ ကြားသိခဲ့ရပြန်သောအခါ လက်တွေ့အရှိတရားများကို လေ့လာလိုစိတ်ဖြစ်မိ၍ ပတ်ဝန်းကျင် ကျေးရွာများသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ဒေသအတွင်းရှိ ကျေးရွာများမှာ တစ်မူထူးခြားနေသည်။ တိုက်တာ၊ ဝင်းခြံ၊ တီဗီစလောင်းများနှင့် ဖြစ်သည်။ ကျေးရွာကို ကျေးရွာဟုမထင်ရ၊ ဖွံ့ဖြိုးတိုးတက်သည့် မြို့ပြများဟု ထင်ရသည်။ သဘာဝက ပေးသော ရေအားဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲနေကြသည်။ တိုက်နယ်ဆေးရုံနှင့် စာသင်ကျောင်းများကို တွေ့ရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တစ်လုံးဒေသ ဝင်းယစံပြကျေးရွာအုပ်စုတွင် အခြေခံပညာ အလယ်တန်းကျောင်း(တွဲဖက်အထက်တန်းကျောင်း)ကို တည်ဆောက်ထားရာ ဒေသခံတိုင်းရင်းသား ကလေးငယ်များ ပညာသင်ကြားမှု အခွင့်အလမ်း ပိုမိုရရှိနေပြီဖြစ်သည်။

ဒေသခံ တိုင်းရင်းသားများ
ကျောင်းသား ကလေးငယ်မ
ကို ပျော်ရွှင် ချမ်းမြေ့စွာ
တွေ့မြင်ခဲ့ရသည်။ ပြောမ
ကြုံဖူးမှ သိသော တကယ့်
တရားများပင်တည်း။

ဒေသအတွင်း တည်ငြိမ်
အေးချမ်းခြင်း၊ သာယာလှပ
တို့သည် နိုင်ငံတော်၏ ကော
မွန်သော ရေခံမြေခံ ကောင်းမ
ဒေသခံ တိုင်းရင်းသားမျာ
ဖြူစင် ရိုးသားစွာ ကြိုးစားမှုမ
နိုင်ငံတော်၏ မှန်ကန် မွန်မြ
သော စေတနာတို့ ပေါင်းခ
များကြောင့် ဖြစ်သည်။

တစ်နည်းဆိုရလျှင် ၎င်း
သည် တိုင်းရင်းသား ညီအစ်
များ၏ ပြည်ထောင်စု စိ
ဓာတ်၊ စည်းလုံးညီညွတ်
စိတ်ဓာတ်များမှတစ်ဆင့် သီး
လာသော ဖွံ့ဖြိုး တိုးတ
အသီးအပွင့်များပင် ဖြစ်ပါ
သည်။ ။

"ကျွန်မ စိုက်ပျိုးရေ
လုပ်တာ ၁၀နှစ် ရှိပါပြီ
ကျွန်မယာမှာ ကြက်သွန်ဖြ
စိုက်ပါတယ်။ မုန်ညှင်း
ပဲလဲစိုက်ပါတယ်။ အခုအ
မှာ သီးနှံ အထွက်တိုးလ
စီးပွားတွေ တိုးနေပါပြီ။"

ပအိုဝ်းတိုင်းရင်း

ဒေါ်နန်းအော

ဝင်းယစံပြကျေးရွ

ဝင်းယ စံပြကျေးရွာကလေးတွင် နေထိုင်ကြသော ပအိုဝ်းတိုင်းရင်းသားများအတွက် သောက်သုံးရေဖူလုံစေရန် နိုင်ငံတော်က ကျေးလက်ဒေသ ရေရရှိရေးအစီအမံများကို ဆောင်ရွက်ပေးခဲ့သည်။

ဒီနိုင်ငံဟာ တိုင်းရင်းသားလူမျိုး ပေါင်းစုံ စုစည်းနေထိုင်တဲ့
နိုင်ငံဖြစ်ပါတယ်၊ ဥပမာတင်စားပြီးပြောရရင် ပန်းပေါင်းစုံ
ဖူးပွင့်ဝေဆာနေတဲ့ ပန်းဥယျာဉ်တစ်ခုပါပဲ၊ စကားအနေအထား
အရရော၊ စာပေအနေအထားအရပါ အပြောအဆို အနေ အထား
အရပါ တစ်မူထူးခြားကွဲပြားတဲ့ အနေအထားရှိပေမယ့် အဘ
တို့ရဲ့ဘဝကံကြမ္မာအရ တစုတစည်းတည်း ဖြစ်တည်နေတာပါပဲ
တစုတစည်းဖြင့် ရပ်တည်နေတာကို တရားစကားနဲ့ ပြောရရင်
'သမဂ္ဂါနံတပေါသုခေါ'တဲ့၊ စုပေါင်းပြီးဆောင်ရွက်ရင် အေးချမ်းတဲ့
ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။

သီတဂူဗုဒ္ဓတက္ကသိုလ် အလှူတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

(၁၁)ကြိမ်မြောက် သီတဂူဗုဒ္ဓတက္ကသိုလ် အလှူတော်တရားပွဲကို ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၉ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၀ရက်တွင် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၊ ၁၁ရက်တွင် သီတဂူကြာတစ်ပွင့် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်းကျောင်း)၊ ၁၂ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရတို့က ညစဉ်နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးမဟာဂျာခေါင်းဆောင်သော ဟိုမိန်းဒေသတိုင်းရင်းသားအဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မီးသတ်တပ်ဖွဲ့ စစ်ရေးပြ တပ်ခွဲနှစ်ခွဲ

စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက် ၇နာရီတွင် မရမ်းကုန်းမြို့နယ် နဝဒေး အားကစားပြိုင်ကွင်း၌ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲနှစ်ခွဲ၏ စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနချုပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးသည် လေ့ကျင့်လျက်ရှိသော မီးသတ်တပ်ဖွဲ့ဝင်များအား ကျန်းမာရေးဂရုပြုရန်၊ စည်းကမ်းလိုက်နာရန်၊ စစ်ရေးပြစွမ်းရည်ပြည့်မီစွာ ဆောင်ရွက်ရန်နှင့် အုပ်ချုပ်မှုကိစ္စရပ်များအတွက် လိုအပ်သည်များကို မှာကြားသွားသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများ၏ စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အိုင်တီပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ (Effective Communications and Presentation Skills for Project Manager) Seminar ကို အင်္ဂလိပ်ဘာသာဖြင့် ဖေဖော်ဝါရီ ၆ရက် ညနေ ၄နာရီမှ ၆နာရီ အထိနှင့် (Wireless Technolo gy Awareness - wifi and rfid) Seminar ကို အင်္ဂလိပ်ဘာသာဖြင့် ဖေဖော်ဝါရီ ၁၀ရက် ညနေ ၄နာရီမှ ၆နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း- ၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မီးသတ်စခန်းနှင့် မူလတန်းကိုကျောင်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၉ရက် မွန်းလွဲပိုင်းတွင် တာမွေမြို့နယ်နှင့်သာကေတမြို့နယ် မီးသတ်စခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြသိမ်းနှင့်စခန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များအသင့်ရှိရေး၊ မီးသတ်ယာဉ်များကြံ့ခိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီသုံးစွဲမှု စနစ်တကျဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၅)မူလတန်းကြိုကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မူလတန်းကြိုကျောင်းတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်းတွင် လယ်ယာသုံးပစ္စည်းများ ရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း လေးခရိုင်၌ ဖေဖော်ဝါရီ ၈ရက်မှ ၁၂ရက်အထိ ခင်းကျင်းပြသထားမည့် စက်မှု(၂)အရောင်းပြခန်းတွင် ဖွဲထွန်စက် 50 HP ငွေကျပ် ၁၇သိန်း၊ 80 HP ငွေကျပ် ၂၄သိန်း၊ ဧရာ-၁ လက်တွန်းထွန်စက်ငွေကျပ် ၆၅၀၀၀၀၊ စပါးခြွေလှေ့စက်ငွေကျပ် ၃၈၅၀၀၀၊ ရေစုပ်စက် ငွေကျပ် ၁၂၀၀၀၀တို့ကို လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၃၀ ၁၁။ **"အာရုံဦးရဲ့ ပုံရိပ်များ" အကယ်ဒမီ-ကျော်ရဲအောင်၊ အကယ်ဒမီ-မေသဉ္ဇာဦး၊ သင်းသင်းယုလှိုင် ဒါရိုက်တာ-မောင်ဝဏ္ဏ**
- ၉:၃၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (အရှေ့တိုင်းပညာ) (ခ) ပထမနှစ်(မြန်မာစာ)
- ၅:၃၀ ၉။ တိုင်းကျိုးပြည်ပြုဒို့ရေးရှု
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၄)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လွှမ်းပုနှင့်သောင်းချမ်" (အပိုင်း-၂၇)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဖေဖော်ဝါရီ ၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာရာ မြန်မာ နိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. D. M. M. Ranaraja နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၈ရက်၊ ၉ရက်၊ ဖေဖော်ဝါရီ ၂၇၊ ၂၈ရက်တို့တွင်လည်းကောင်း၊ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၁၊ ၁၂၊ ၁၃ရက်၊ မတ်လ ၁၊ ၂၊ ၃ရက်တို့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီးသို့ ၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၄ရက်၊ ဖေဖော်ဝါရီ ၂၃ရက်တွင်လည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၀ရက်၊ ဖေဖော်ဝါရီ ၂၉ရက်တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဘွဲ့ခံသက်သက် ဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၃ရက်၊ မတ် ၃ရက်တွင်လည်းကောင်း အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်စာများ ဆက်ကပ်ထားပြီးဖြစ်ရာ ယင်းပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါကြောင်းနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်နေ့၊ မတ် ၅ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းနှင့် သစ်သီးအလှပြင် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁/၂၀၀၃)ဆင်းပွဲ၊ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၂/၂၀၀၄) ဖွင့်ပွဲနှင့် အခြေခံ သစ်သီးအလှပြင် ပုံဖော်သင်တန်း အမှတ်စဉ်(၂/၂၀၀၄) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ထို့နောက် စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁/၂၀၀၃) သင်တန်းဆင်း လက်မှတ်များကို အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာတို့က ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံ သစ်သီး အလှပြင် ပုံဖော်သင်တန်း အမှတ်စဉ် (၂/၂၀၀၄)သင်တန်းဆင်း လက်မှတ်များကို ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်ဆွေညွန့်က ချီးမြှင့်သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက စက်ချုပ်သင်တန်းနှင့် အခြေခံ သစ်သီး/အလှပြင် ပုံဖော် သင်တန်းများတွင် ထူးချွန်သူများအား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက သင်တန်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်စန်းစန်းမြင့်အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူများဖြစ်ကြသော မခင်မာထွန်း၊ မမူမူသင်းနှင့် မကေခိုင်သူရတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၂/၂၀၀၄)သို့ သင်တန်းသူ ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁/၂၀၀၃)ဆင်းပွဲ၊ (၃၂/၂၀၀၄)ဖွင့်ပွဲနှင့် အခြေခံ သစ်သီးအလှ ပြုပြင်မှုသင်တန်း(၂/၂၀၀၄) ဆင်းပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုများ ထုတ်ပြန် ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင်တွင် ချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပခုက္ကူမြို့တွင် ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာပေဖြင့် ဘဝအမြင် ရှင်သန်တိုးတက် အောင်မြင်ရေးဟူသော အလှူရှင်၏ ကိုယ်တွေ့သင်ခန်းစာကို တိုးချဲ့သောအားဖြင့် စာကြည့်တိုက်သို့ ရောက်ရှိသော ပြီးခဲ့သည့် တစ်နှစ်အတွင်း နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များမှ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာကြည့်တိုက်က စာဖတ်သူများ သတိမူဖတ်ရှုဖြစ်ရန် ဂုဏ်ပြုအားပေးသောအားဖြင့် "စာကြည့်တိုက် စာအုပ်ဆု"ကို ၂၀၀၁ခုနှစ်အတွက်ကစ၍ တီထွင်ချီးမြှင့်ခဲ့သည်။

၂၀၀၂ခုနှစ်အတွက် ရွေးချယ်ခံရသည့် "ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆု"များကို စာကြည့်တိုက်ကော်မတီက ဖေဖော်ဝါရီ ၂ရက်က ထုတ်ပြန်ကြေညာသည်။

ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ရောက်ရှိသည့် ၂၀၀၂ခုနှစ်ထုတ် စာအုပ်များအနက် ရွေးချယ်ချီးမြှင့်ခံရသော စာအုပ်များမှာ စာရေးဆရာ နီမင်းဆွေရေးသားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေသည့် "ငွေနှင်းမှုန်မှုန်ထဲကပန်းဂျူ"၊ စာရေးဆရာ အောင်စည်ဟိန်းရေးသားပြီး စန်းရောင်ရှိန်စာပေက ထုတ်ဝေသည့် "စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့"နှင့် စာရေးဆရာ ဦးဟန်ညွန့် (ဥပဒေ)ရေးသားပြီး ချိုတေးသံစာပေကထုတ်ဝေသည့် "ဥပဒေဝန်ထမ်းတစ်ဦး၏ ဘဝခရီး"စာအုပ်တို့ ဖြစ်ကြသည်။

ယင်းဆုများကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့)တွင် နိုင်ငံတော်က ပခုက္ကူမြို့၌ အလှည့်ကျကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုနှင်းသဘင် အခမ်းအနား၌ တစ်ပေါင်းတည်း ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

အဝိဇ္ဇာမှ ဝိဇ္ဇာသို့တရား အလှူတော်ပေးဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်းလွယ်ကူသော ဝိပဿနာ အားထုတ်နည်းများ ပြန့်ပွားစေရန် ရည်ရွယ်၍ အမှတ်-၁၂၆၊ သုံးလွှာ၊ (၃၈)လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၀၇၀၀ ၌ တည်ရှိသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း၏ လုပ်ငန်းခွဲ (၁၈)ကို သစ်ရောင်းစက်ဝင်း၊ ပညာရိပ်သာလမ်း၊ ဇန်းမော်မြို့၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၁၉)ကို ကောင်းပဒေသာစတိုး၊ အမှတ်-၆၆၊ ပင်းတယလမ်းခွဲထောင့်၊ အောင်ပန်းမြို့၊ ဖုန်း-၀၈၁-၆၀၀၅၂၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၀)ကို ဖူးပွင့်လွှာ ဗီဒီယို၊ အမှတ်-၁၃၊ ဒေါနလမ်း၊ (၂)ရပ်ကွက်၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၈၄၇၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၁)ကို ဣန္ဒြိတ သုခဆေးတိုက်၊ စက်မှုလယ်ယာ (ရုံးဟောင်း)၊ တံတားတော်ကြီးရပ်၊ အမှတ်(၅)၊ မတ္တရာမြို့၌လည်းကောင်း၊ လုပ်ငန်းခွဲ(၂၂)ကို စန်းငွေရောင် ပုံနှိပ်တိုက်၊ (၁)လမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၁၅၂၉၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၃)ကို သစ္စာအောင်မြေ ဆရာတော်ဦးဝိမလ၊ မင်္ဂလာတိုက်၊ မိုးကုတ်မြို့၊ ဖုန်း-၆၅၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၂၄)ကို ဗဟိုစာပေနှင့် ဗီဒီယိုခွေ အငှားဆိုင်၊ မ/၄၅၊ ဈေးတန်းရပ်၊ ရပ်ကွက်(၁)၊ သိန္နီမြို့၌ လည်းကောင်း ဖွင့်လှစ်ထားရှိသည်။ ယင်းနေရာများ၌ သစ္စာတရားခွေနှင့် တရားစာအုပ်များကို မည်သူမဆို အခမဲ့ ငှားရမ်းနိုင်ရန် ဓမ္မဒါနပြုထားကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၂-၂၀၀၄ (ကြာသပတေးနေ့)

၁၃၆၅ခုနှစ်၊တပို့တွဲလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၇။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၈:၁၀ ၈။ အကပဒေသာ
- ၈:၂၀ ၉။ အတီးပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ ၂၀၀၄ခုနှစ် (၄၉)နှစ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြို ဗိုလ်လုပွဲ) (ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်း)
- ၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၀၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သချာ်၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သချာ်)
- ၅:၂၀ ၅။ **"အားဆေး" (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိမြွေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၅:၃၀ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၅:၄၀ ၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၅:၅၀ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၉။ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲပြပွဲ ကြိုတင်ပြင်ဆင်မှုများ (ပန်းပု)
- ၆:၁၀ ၁၀။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့တရားတော်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success in Soccer.
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း-၁၃)**
- ၇:၄၅ ၁၅။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်နိုင်မှာရန်မှာ ဒို့ဝန်တာ "တောင်ဇလပ်ပန်း ပွင့်လန်းဝေဆာ သွေးချင်းတို့ ချင်းဌာနေမှာ"**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **(၅၄)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ(အပိုင်း-၁)**
- ၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရွှေဘုန်းပွင့်စေတီတော်၌ နှမ်းမနဲ့စတုဒိသာ ကျွေးမွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှမ်းမနဲ့စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးက နှမ်းမနဲ့စတုဒိသာ ကျွေးမွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား၍ အခမ်းအနားကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးပြီး စတုဒိသာနှမ်းမနဲ့ဖြင့် ကျွေးမွေးသည်။ (သတင်းစဉ်)

★ စွမ်းအင်ဝန်ကြီးမှ

ဝန်ကြီးက ညောင်တုန်း ဘူမိအနေအထားနှင့် ဆက်စပ်လျက်ရှိသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်) ဒေသများအတွင်း တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်နိုင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ညောင်တုန်း-ရွာမ ၁၄လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ်ကို အချိန်မီဆက်သွယ်ခင်းကျင်းနိုင်ရေး တို့ကိုမှာကြားပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက တွင်းတူးဖော်ရေး ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၁)သို့ သွားရောက်ပြီး တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ် (၂၁)မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှုကို တွေ့ရစဉ်။ (စွမ်းအင်)

အဆိုပါတွင်းသစ်အမှတ်(၂၁)မှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၆ ဒသမ ၉၇၄သန်းနှင့် လေဆီ (Condensate) ၇၂စည်ခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့ မြေတွင် တွင်းပေါင်း၁၆တွင်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၈၃သန်းခန့်နှင့် လေဆီ (Condensate) ၁၁၈၄ စည်ခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ညောင်တုန်း-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ရန်ကုန်ဒေသအတွင်းရှိ စက်ရုံများသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိသည်။

(သတင်းစဉ်)

❍ ဒေသဖွံ့ဖြိုးရေးမှ

ဖော်ရာတွင် ခိုင်မာသည့် စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုအတွက် အဓိကကျသည့် လိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာလျှင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အခြေခံများလည်း အဘက်ဘက်က တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေ ဒေသအလိုက် လိုအပ်ချက်များနှင့်အညီ လမ်းသစ်များ၊ တံတားသစ်များတိုးချဲ့ တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ပြည်နယ်၊ တိုင်းတစ်ခုလုံး ကွန်ရက်သဖွယ် သွားလာနိုင်ကြပြီဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းအဖွဲ့သည် ကချင်ပြည်နယ် မိုးကောင်းမြို့သို့ ဇန်နဝါရီ ၁၅ရက်က ရောက်ရှိစဉ် တည်ဆောက်ပြီးစီးတော့မည့် နန့်ကောင်းချောင်း(မိုးကောင်း) တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့

လက်ထောက် အင် ဂျင် နီ ယာ (မြို့ပြ)ဦးသက်လင်းက ကြေးမုံသို့ ရှင်းလင်း ပြောကြား စဉ်။

ဓာတ်ပုံ-သိန်းဝင်းကြီး(ကြေးမုံ)

သွားရောက်ကြည့်ရှု လေ့လာကာ မှတ်တမ်းဓာတ်ပုံများရိုက်ပြီး သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

နန့်ကောင်းချောင်း(မိုးကောင်း) တံတားသည် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင်တည်ရှိပြီး မိုးကောင်းမြို့နှင့် ရှမ်းစုရွာကို ဆက်သွယ်ဆောက်လုပ်ထားသည့် မော်တော်ကားလမ်း တံတားဖြစ်သည်။ လက်ရှိမှာ မီးရထားလမ်း တံတားကိုသာ အသုံးပြုလျက်ရှိသည်။ နန့်ကောင်းချောင်း(မိုးကောင်း) တံတားကို တည်ဆောက်လိုက်ခြင်းဖြင့် သီးသန့်မော်တော်ကားလမ်း တံတားတစ်စင်းထွက်ပေါ်လာပြီဖြစ်၍ လမ်းပန်း ဆက်သွယ်ရေး ပိုမိုချောမွေ့ တိုးတက် ကောင်းမွန်လာမည်ဖြစ်သည်။

စီမံကိန်းဝင် တံတားကြီးဖြစ်သည့် နန့်ကောင်းချောင်း (မိုးကောင်း) တံတားသည် ၉၄၅ ပေရှိသည်။ တံတားခန်းဖွင့်မှာ သံကူ ကွန်ကရစ် ရက်မ ပေ ၆၀ ရှစ်ခန်း၊ သံပေါင် ၁၅၅ ပေသုံးခန်း၊ ကမ်းကပ်ခုံနှစ်ခုနှင့် တိုင် ၁၀တိုင် ပါဝင်သည်။ အောက်ခြေပိုင်း (Sub- Structure)ကို ပိုင်တိုင်အုတ်မြစ် လေးခုနှင့် လွန်တူးဘိုးပိုင် ရှစ်တိုင်တို့ဖြင့် တည်ဆောက်ထားပြီး အပေါ်ပိုင်း (Super Structure) ကို သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ထားသည်။

တံတား၏ယာဉ်သွားလမ်းအကျယ်မှာ ၂၁ ပေ ၆ လက်မ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ၅ ပေ ၃ လက်မ၊ ခွင့်ပြုသည့် အလေးချိန်တန် ၆၀၊ တံတား၏ ရေလမ်းကင်းလွတ်အကျယ်ပေ ၁၄၀၊ တံတား၏ ရေလမ်းကင်းလွတ်အမြင့်၁၀ပေရှိသည်။ ခန့်မှန်းကုန်ကျငွေ ကျပ်၁၁၈၇၃သမ၂၈ သန်းဖြစ်ကြောင်း သိရသည်။

ယင်းတံတားကို တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက် ဦးဆောင်သည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများဖြင့် ၂၇-၆-၂၀၀၂ ရက်တွင် စတင် တည်ဆောက်ခဲ့သည်ဟု ဦးသက်လင်း(လက်ထောက် အင်ဂျင်နီယာ-မြို့ပြ)က ကြေးမုံသတင်းအဖွဲ့သို့ ရှင်းလင်းပြောကြားခဲ့သည်။

ကချင်ပြည်နယ်၊ မိုးကောင်းမြို့မှ ရုံးသူ၊ ရုံးသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသား ပြည်သူများသည် **ယခင်က မီးရထားလမ်းတံတား တစ်ခုကိုသာ အားထားသွားလာရသဖြင့် ယခု မော်တော်ကားလမ်းတံတားကြီး တစ်ခု မကြာမီဖွင့်လှစ်နိုင်တော့မှာ ဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ မြန်ဆန်လာတော့မှာ ဖြစ်သောကြောင့် များစွာ ဝမ်းသာလျက်ရှိကာ နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရှိသည့် မင်္ဂလာသတင်းစကားများကိုလည်း** ကြေးမုံသတင်းအဖွဲ့ ကြားသိခဲ့ရသည်။

ထိုသို့ မင်္ဂလာသတင်းစကားများ ကြားသိရသည့်အထဲမှ ပြည်ထောင်စုဖွား ရှမ်းတိုင်းရင်းသူလေးတစ်ဦးက "ကချင်ပြည်နယ် မိုးကောင်းမြို့ နန့်ကောင်းချောင်း (မိုးကောင်း) မော်တော်ကားလမ်း တံတားတည်ဆောက်မည့် သတင်းကြားရကတည်းက ဝမ်းသာနေပါတယ်၊ တံတားတည်ဆောက်နေပြီဆိုတော့ ပို၍ ဝမ်းသာမိပါတယ်။ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်မှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ပါတယ်၊ နန့်ကောင်းချောင်း(မိုးကောင်း) မော်တော်ကားလမ်းတံတားသည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၏ တံတားတစ်စင်းဖြစ်သည်ဟု ဆိုချင်ပါတယ်၊ ပြည်ထောင်စုနေ့မတိုင်မီ ဖွင့်လှစ်မှာမို့လည်း ကချင်ပြည်နယ် အတွင်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်အပြည့်ဖြင့် တံတားဖွင့်ပွဲကြီး တက်ရောက်အားပေးရန် အသင့် ကြိုဆိုလျက်ရှိပါတယ်"ဟု ကြေးမုံသတင်းအဖွဲ့သို့ ရှင်းလင်းပြောကြားခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥ **(ကြေးမုံ)**

"နန့်ကောင်းချောင်း(မိုးကောင်း) တံတား တည်ဆောက်မည့် သတင်းကြားရကတည်းက ဝမ်းသာနေပါတယ်" ပြည်ထောင်စုဖွား ရှမ်းတိုင်းရင်းသူလေးတစ်ဦး၏ ဝမ်းသာပီတိစကား။

ဓာတ်ပုံ-သိန်းဝင်းကြီး(ကြေးမုံ)

မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ ၉၄၅ပေ ရှည်လျားသည့် မကြာမီ ဖွင့်လှစ်တော့မည့် နန့်ကောင်းချောင်း (မိုးကောင်း) တံတားကြီးကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းကြီး(ကြေးမုံ)

(၁၈)နှစ်အောက် ဘင်းမ်စတက် ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းနှင့်အိန္ဒိယအသင်းသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BIMSTEC)လူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဖူးကက်မြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (ခ)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အိန္ဒိယလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။ (သတင်းစဉ်)

ကွယ်လွန်သူဖိလစ်ပိုင်နိုင်ငံ ဒုတိယ သမ္မတ အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ယနေ့ နံနက် ၁၀နာရီတွင် အမှတ်(၅၀) ဆရာစံလမ်း ဗဟန်းမြို့နယ်ရှိ ဖိလစ်ပိုင်နိုင်ငံ သံရုံးသို့ သွားရောက်၍ ကွယ်လွန်သူ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော H.E.Mr. Salvador H. Laurel အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)



ကိုလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အန္တိမဈာပန ဂူဗိမာန်တော်သွင်း အခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ ကိုလုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကိုလုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယ ကျေးဇူးတော်ရှင် ကိုလုံဆရာတော်ဘုရားကြီး သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့်ပူဇော်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကိုလုံသာသနာ့ဗိမာန်ကျောင်းဆောင်စံကျောင်းတော်၌ လည်းကောင်း၊ အန္တိမဈာပနသာဓုကီဠန ပူဇာသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းဆောင်၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဥတုဇရုပ်ကလာပ်တော်အား ဂူဗိမာန်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင် ဂူသွင်းသင်္ဂြိုဟ်ပူဇော်မည်ဖြစ်သည်။ (သတင်းစဉ်)

ပရီမီယာလိဂ်ပွဲစဉ်(၂၄)ဒုတိယအကျော့ ချယ်လ်ဆီးနှင့် ချာလ်တန်ပြန်ဆုံ

အားကစားသတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပရီမီယာလိဂ်ပွဲစဉ်(၂၃)တွင် ထိပ်ဆုံးသုံးသင်းစလုံး အနိုင်ရကြသည်။ ၎င်းတို့၏ အဆင့်များမှာ နေမြဲအတိုင်း ရှိကြသည်။ စတုတ္ထလိုက်နေသော ချာလ်တန်သည် ဘော်လ်တန်ကို ရှုံးသော်လည်း မိမိနေရာတွင် ရပ်တည်ထားနိုင်ဆဲဖြစ်သည်။ဘော်လ်တန်မှာ နှစ်ဆင့်အပေါ်သို့ တက်လာသည်။ အဆင့်(၅) လီဗာပူးနှင့် အဆင့်(၆) နယူးကာဆယ်တို့သည် သရေကစားပြီး ၎င်းတို့၏ နေရာများကို ဆက်ထိန်းသွားကြသည်။ နယူးကာဆယ်နှင့် ကစားသော ဘာမင်ဂမ်သည် တစ်ဆင့်အောက်ဆင်းပေးရသည်။ သို့သော် ဘာမင်ဂမ်သည် ပွဲစဉ်(၁၇) လက်ကျန်ပွဲတစ်ပွဲ ကစားရန် ကျန်သေးသည်။ လီဗာပူးနှင့် သရေကျသော အဲဗာတန်သည်လည်း နဂိုမူလနေရာမှ လိုက်လျက်ရှိသည်။

စပါး(စ်)ကို ဖူလ်ဟမ်နိုင်သောကြောင့် လီဗာပူး၊ နယူးကာဆယ်တို့နှင့် ၃၄မှတ် တူသွားသည်။ သို့သော် သွင်းဂိုး ပေးဂိုး ကွာခြားချက်ကြောင့် လက်ရှိနေရာတွင်သာ ရပ်နိုင်ခဲ့သည်။ စပါး(စ်)အဆင့်(၁၁)မှ(၁၃)သို့ ထိုးကျသွားသည်။ လက်စတာကို ဗီလာနိုင်သောကြောင့် အဆင့်(၁၂)မှ (၁၀)သို့ တက်လာသည်။ အခြားအသင်းများ၏ အနေအထားမှာ မူလအတိုင်းရှိကြသည်။

ပွဲစဉ်(၂၄)ကို ဖေဖော်ဝါရီ၇ ရက်နှင့်၈ ရက်နေ့များတွင် ကစားကြမည်။ ကစားမည့် အသင်းများမှာ အက်စတွန်ဗီလာ–လိဒ်စ်၊ အဲဗာတန်–မန်ယူ၊ မစ်ဒယ်ဘရော့–ဘလက်ဘန်း၊ နယူးကာဆယ်–လက်စတာ၊ ဘော်လ်တန်–လီဗာပူး၊ စပါး(စ်)–ပို့စ်မောက်၊ ဝုလ်ဗာဟမ်တန်–အာစင်နယ်၊ ဆောက်သမ်တန်–ဖူလ်ဟမ်၊ မန်စီးတီး–ဘာမင်ဂမ်၊ ချယ်လ်ဆီး–ချာလ်တန်တို့ဖြစ်သည်။

ဖေဖော်ဝါရီ(၇)ရက်
စနေနေ့
ဝုလ်ဗာဟမ်တန်–အာစင်နယ်

အဆင့်(၁၉)ဝုလ်ဖ်နှင့် အဆင့်(၁) အာစင်နယ်တို့ ကစားကြမည်။ ဝုလ်ဖ် ၂၀မှတ်၊ အာစင်နယ် ၅၅မှတ် ဖြစ်သည်။

မန်ယူ၊ ပို့စ်မောက်တို့နှင့် ကစားသောပွဲ၌ ဝုပ်ဖ်ခြေရည်မှာ သာမန်လောက်သာရှိသည်။ ခြေရည်အကောင်းချည်း မဟုတ်ပါ။ မန်စီးတီးနှင့်ပွဲ၌ အာစင်နယ်ပွဲထွက်ညံ့သည်။ နောက်ပိုင်းမှ တဖြည်းဖြည်း ကောင်းသည်။ နောက်ဆုံးပွဲ ခြေအရ ကြည့်လျှင် အာစင်နယ်က သာသည်။

ပထမအကျော့မတွေ့မီက လီဗာပူးကို ဝုလ်ဖ်က သရေကစားသလို အာစင်နယ်ကလည်း ဘော်လ်တန်ကို သရေကစားခဲ့သည်။သို့သော်နှစ်သင်းတွေ့သည့်အခါ အာစင်နယ် ဂိုးပြတ်နိုင်မည်ဟုတွက်ကြသည်။ ထင်သည့်အတိုင်း သုံးဂိုး–ဂိုးမရှိဖြင့်နိုင်သည်။

ဝုလ်ဖ်ကွင်းမှာ ကစားရမည်။ အာစင်နယ် နိုင်ချေများသည်။ဂိုးပြတ်မပြတ် ကြည့်ရမည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ အာစင်နယ်(+၂၉)၊ ဝုလ်ဖ် (–၂၄) ဖြစ်သည်။ နောက်တစ်ချက် စဉ်းစားရမည်မှာ အာစင်နယ်နှင့် မန်ယူတို့၏ ပေးဂိုး၊ သွင်းဂိုး ကွာဟချက် ဖြစ်သည်။ အာစင်နယ်(+၂၉)၊မန်ယူ(+၂၆)ဖြစ်သည်။ အာစင်နယ်နှင့် မန်ယူ သုံးဂိုးကွာနေသည်ကို သတိပြုရမည်။ ရှေ့ပွဲတွင် အာစင်နယ်က စိန့်နှင့် ကစားရမည်။ ဝုလ်ဖ်က လိဒ်စ်နှင့်ကစားလိမ့်မည်။

ဘော်လ်တန်–လီဗာပူး

အဆင့်(၈)ဘော်လ်တန်နှင့် အဆင့် (၅) လီဗာပူးကစားကြမည်။ ဘော်လ်တန် ၃၂၊ လီဗာပူး ၃၄ မှတ်ရသည်။ ချာလ်တန်နှင့်ပွဲ၌ ဘော်လ်တန်ကစားပုံကောင်းသည်။ အချိတ်အဆက် မိမိဖြင့် ထိုးဖောက်ကစားနိုင်သည်။ ၎င်းခြေအတိုင်းဆိုလျှင် အဲဗာတန်နှင့်ကစားသော လီဗာပူး ခြေရည်ကိုကောင်းကောင်းယှဉ်နိုင်သည်။ အဲဗာတန်ပွဲ၌ လီဗာပူး အချိတ်အဆက်ကောင်းသော်လည်း ဂိုးပေါက်ချော် နေသည်။ နှစ်သင်းယှဉ်လျှင် လီဗာပူးကောင်းသည်။ ခြေသာသည်။

ပထမအကျော့နှစ်သင်းမတွေ့မီက ဘော်လ်တန်က ချယ်လ်ဆီးကိုနှစ်–တစ်ဖြင့်နိုင်ပြီး အာစင်နယ်အား သရေကစားသည်။ လီဗာပူးကလည်း စိန့်ကိုနှစ်–တစ်ဖြင့် ရှုံးပြီး ဝုလ်ဖ်အား သရေကစားခဲ့သည်။ နှစ်သင်း တွေ့သည့်အခါ သရေနှင့်အနိုင် လီဗာပူးရနိုင်သည်ဟု မှန်းကြသည်။ တကယ်လည်း လီဗာပူး သုံး–တစ်ဖြင့်နိုင်သည်။

ယခုဘော်လ်တန်ကွင်းတွင် ကစားရမည်။ လီဗာပူးပင် သရေနှင့် အနိုင်တစ်ခုခု ထပ်ရဦးမည်။ လီဗာပူး နိုင်လျှင်တော့ ဂိုးသိပ်ကွာလိမ့်မည်မဟုတ်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဘော်လ်တန် (–၆)၊ လီဗာပူး (+၈)ဖြစ်သည်။ ရှေ့ပွဲတွင် ဘော်လ်တန်က လက်စတာနှင့် ကစားမည်။ လီဗာပူးက မန်စီးတီးနှင့် ကစားလိမ့်မည်။

နယူးကာဆယ်–လက်စတာ

အဆင့် (၆)နယူးကာဆယ်နှင့် အဆင့်(၁၈)လက်စတာ ကစားကြမည်။ နယူးကာဆယ် ၃၄မှတ်၊ လက်စတာ ၂၀ မှတ်ရသည်။

ဘာမင်ဂမ်နှင့်ပွဲ၌ နယူးကာဆယ် ခြေကောင်းသည်။ ပြိုင်ဘက်မနည်းကြီး ထိန်းကစားခဲ့ရသည်။ ၎င်းခြေအတိုင်း ကစားပါက လက်စတာကို အလွယ်တကူနိုင်နိုင်သည်။ သို့သော် ဗီလာနှင့်ကစားသော လက်စတာ၏ ပထမပိုင်း ခြေရည်ကောင်းသည်။ ဗီလာကို ခံကစားသွားသည်။ ဒုတိယပိုင်းမှာ ကစားကွက်ပျက်သွားသည်။ နှစ်သင်းယှဉ်လျှင် နယူးကာဆယ်က ပိုကောင်းသည်။

ပထမအကျော့ နှစ်သင်းမတွေ့မီက နယူးကာဆယ်က ချာလ်တန်ကို သရေကစားခဲ့သည်။ လက်စတာက ဘာမင်ဂမ်၊ အဲဗာတန်တို့ကို ဆက်ရှုံးသည်။ နှစ်သင်းတွေ့သည့်အခါ နယူးကာဆယ်ကပ်နိုင်လိမ့်မည်ဟု တွက်ကြသည်။ သို့သော် သရေကျခဲ့သည်။

ယခု နယူးကာဆယ်ကွင်းမှာ ပြန်ကစားရမည်။ ဒုတိယအကျော့ ပြန်အစတွင် နယူးကာဆယ်က တစ်ပွဲမှ မရှုံးသေး။ လက်စတာကလည်း တစ်ပွဲမှ အနိုင်မရဘဲဖြစ်နေသည်။ ယခုပွဲမှာ နယူးကာဆယ်နိုင်ဖို့ အလားအလာများသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ နယူးကာဆယ် (+၇)၊ လက်စတာ(–၁၃) ဖြစ်သည်။ ရှေ့ပွဲတွင် နယူးကာဆယ်က ဘလက်ဘန်းနှင့် ကစားမည်။ လက်စတာက ဘော်လ်တန်နှင့်ကစားလိမ့်မည်။

အက်စတွန်ဗီလာ–လိဒ်စ်

အဆင့် (၁၁)ဗီလာနှင့် အဆင့် (၂၀)လိဒ်စ် ကစားကြမည်။ ဗီလာက ၃၀မှတ်၊ လိဒ်စ် ၁၇မှတ်ရသည်။

လက်စတာနှင့်ပွဲ၌ ဗီလာ၏ ပထမပိုင်းကစားပုံညံ့သည်။ ဒုတိယပိုင်းမှာ အချိတ်အဆက်နှင့် ကစားပုံပါကောင်းသည်။ လိဒ်စ်သည် ဘိုရီကို ပထမပိုင်းတစ်ပိုင်းလုံး ခြေရည်တူ ကစားသွားသည်။ နောက်ဆုံးပွဲ အနေအထားကြည့်လျှင် နှစ်သင်းခြေညီကြသည်။ အခြေအနေအရ လိဒ်စ်နိမ့်နေသော်လည်း ဗီလာခြေရည်ထက် ပိုကောင်းသည်။

ပထမအကျော့နှစ်သင်းမတွေ့မီက ဗီလာကခြေစွာ နေသည်။ လိဒ်စ်က ဖူလ်ဟမ်ကိုနိုင်ပြီး မန်စီးတီးကို သရေကစားခဲ့သည်။ ထို့ကြောင့်၎င်းပွဲကိုသရေဟု တွက်ကြသည်။ ပွဲအပြီးမှာသရေကျခဲ့သည်။

ဗီလာကွင်းမှာပြန်ကစားရမည်။ ဒုတိယအကျော့ပြန်ကစားရာတွင် ဗီလာကနှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးသည်။ လိဒ်စ်မှာ တစ်ပွဲမှ အနိုင်မရဘဲဖြစ်နေသည်။ ယခုပွဲတွင် သရေနှင့်အနိုင် ဗီလာရနိုင်ချေရှိသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ(–၁) လိဒ်စ်(–၂၈)ဖြစ်သည်။ ရှေ့ပွဲ၌ ဗီလာကဖူလ်ဟမ်နှင့် ကစားရမည်။ လိဒ်စ်က ဝုလ်ဖ်နှင့် ကစားလိမ့်မည်။

မစ်ဒယ်ဘရော့–ဘလက်ဘန်း

အဆင့်(၁၂)ဘိုရီနှင့် အဆင့်(၁၆)ဘလက်ဘန်း ကစားကြမည်။ ဘိုရီက ၂၈မှတ်၊ ဘလက်ဘန်းက ၂၃မှတ် ရသည်။

လိဒ်စ်နှင့်ပွဲတွင် ဘိုရီ၏ ဒုတိယပိုင်းခြေကောင်းသည်။ ပထမပိုင်းခြေအတိုင်းကစားလျှင် ဘလက်ဘန်းကိုနိုင်ဖို့ ခက်သည်။ ချယ်လ်ဆီးကို ဘလက်ဘန်းခြေရည်တူ ခံကစားသွားနိုင်သည်။ သို့သော် ခြေရည်ကွာသည်။ ဘိုရီက ဘလက်ဘန်းထက် လက်ရှိအနေအထားတွင် ကောင်းသည်။

ပထမအကျော့နှစ်သင်းမတွေ့မီက ဘိုရီကပို့စ်မောက်၊ ချာလ်တန်တို့ကို သရေကျသည်။ ဘလက်ဘန်းက အာစင်နယ်၊ ဗီလာကိုရှုံးသည်။ နှစ်သင်းဆုံသည့်အခါ ဘိုရီနိုင်မည်ဟုခန့်မှန်းကြသည်။ သို့သော်နှစ်ဂိုးစီ သရေကျသည်။

မစ်ဒယ်ဘရော့ကွင်းမှာကစားရမည်။ ဒုတိယအကျော့ပြန်ကစားရာတွင် ဘိုရီက အာစင်နယ်ကိုရှုံးပြီး ဖူလ်ဟမ်၊ လိဒ်စ်တို့ကို နိုင်သည်။ လက်စတာကို သရေကျသည်။ ဘလက်ဘန်းမှာ သရေ နှစ်ပွဲသာရထားသည်။ နိုင်ပွဲတစ်ပွဲမှ မရသေးချေ။ ယခုပွဲကိုသရေလောက်မှန်းသည်။ နိုင်စရာရှိလျှင် ဘိုရီကပ်နိုင်ချေရှိသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဘိုရီ(–၃)၊ ဘလက်ဘန်း(–၅)ဖြစ်သည်။ ရှေ့ပွဲတွင် ဘိုရီက မန်ယူနှင့်ကစားရမည်။ ဘလက်ဘန်းက နယူးကာဆယ်နှင့်ကစားရလိမ့်မည်။

စပါး(စ်)–ပို့စ်မောက်

အဆင့်(၁၃)စပါး(စ်)နှင့် အဆင့်(၁၇)ပို့စ်မောက်ကစားကြမည်။ စပါး(စ်)က ၂၇မှတ်၊ ပို့စ်မောက် ၂၃မှတ်ရသည်။ ဖူလ်ဟမ်နှင့်ပွဲ၌ စပါး(စ်)ခြေရည်ကောင်းသည်။ ပို့စ်မောက်ကို ၎င်းခြေရည်ဖြင့် ယှဉ်ကစားနိုင်သည်။ ဝုလ်ဖ်နှင့် ကစားခဲ့သော ပို့စ်မောက်ခြေမှာ သင့်ရုံလောက်ပဲရှိသည်။ နောက်ဆုံးကစားသော ခြေရည်ကိုကြည့်လျှင် စပါး(စ်)ခြေရည်မှာ ပို့စ်မောက်ထက်ကောင်းနေသည်။ သို့သော် နှစ်သင်းခြေညီကြသည်။

ပထမအကျော့ နှစ်သင်းမတွေ့မီက စပါး(စ်) အခြေအနေသည် တန်းဆင်းဇုန်နားရောက်နေသည်။ ပို့စ်မောက်ကလည်း အခြေအနေဆိုးနေသည်။ ဘိုရီနှင့်သရေကျသည်မှလွဲပြီး ပွဲစဉ် (၁၃) ကတည်းက ဆက်တိုက်ရှုံးနေသည်။ နှစ်သင်းတွေ့သည့်အခါ သရေကျမည်ဟု တွက်ကြသည်။ သို့သော် ပို့စ်မောက် နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်သည်။

စပါး(စ်)ကွင်းတွင် ပြန်ကစားရမည်။ ဒုတိယအကျော့ ပြန်အစတွင် အခြေအနေက ပြောင်းပြန်ဖြစ်လာသည်။ စပါး(စ်)က ဘာမင်ဂမ်၊ လိဒ်စ်၊ လီဗာပူးတို့ကို ဆက်နိုင်သည်။ ဖူလ်ဟမ်ကိုရှုံးသည်။ ပို့စ်မောက်မှာ မန်စီးတီးကိုနိုင်ပြီး ဝုလ်ဖ်အား သရေကျသည်။ ယခုပွဲတွင် ပို့စ်မောက်ပဲ ထပ်နိုင်လိမ့်ဦးမည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ စပါး(စ်) (–၆)၊ ပို့စ်မောက် (–၈) ဖြစ်သည်။ ရှေ့ပွဲတွင် စပါး(စ်)က ချာလ်တန်နှင့်ကစားရမည်။ ပို့စ်မောက်က ချယ်လ်ဆီးနှင့် ကစားရလိမ့်မည်။

ဆောက်သမ်တန်–ဖူလ်ဟမ်

အဆင့်(၁၀) စိန့်နှင့် အဆင့်(၇) ဖူလ်ဟမ် ကစားကြမည်။ စိန့်က ၃၀မှတ်၊ ဖူလ်ဟမ်က ၃၄မှတ်ရသည်။

မန်ယူနှင့်ပွဲတွင် စိန့်ကစားပုံကောင်းသည်။ မန်ယူကို ကောင်းကောင်းခြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူဂိုးသမားကောင်း၍ မရှုံးခြင်းဖြစ်သည်။ ၎င်းခြေရည်သည် ဖူလ်ဟမ်ကိုကောင်းစွာ ယှဉ်ကစားနိုင်သည်။ စပါး(စ်)နှင့် ပွဲ၌ ဖူလ်ဟမ်အတော်ကြီး ကြိတ်ခဲ့ရသည်။ ဒုတိယပိုင်းမှာ ဖူလ်ဟမ်အသာစီးနှင့် ကစားနိုင်ခဲ့သည်။ နောက်ဆုံးခြေရည်များအရ နှစ်သင်းစလုံးကောင်းသည်။ ခြေလည်းညီကြသည်။ လောလောဆယ်၌ စိန့်ကစားပုံက ဖူလ်ဟမ်ထက် ကောင်းနေသည်။

ပထမအကျော့ နှစ်သင်းမတွေ့မီ စိန့်က ခြေတက်နေသည်။ ဖူလ်ဟမ်မှာ လိဒ်စ်၊ ချယ်လ်ဆီးကို ဆက်ရှုံးနေသည်။ နှစ်သင်းဆုံချိန်၌ သရေကျမည်ဟု တွက်ကြသည်။ သို့သော် ဖူလ်ဟမ်က နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်သည်။

စိန့်ကွင်း၌ ကစားရမည်။ ဒုတိယအကျော့ပြန်အစတွင် နှစ်သင်းစလုံး အခြေအနေမကောင်းကြချေ။ စိန့်က တစ်ပွဲသရေ၊ တစ်ပွဲနိုင်သည်။ ဖူလ်ဟမ်က နှစ်ပွဲနိုင်၊နှစ်ပွဲရှုံးသည်။ ယခုပွဲတွင် စိန့်ပြန်နိုင်ချေရှိသည်။ အောက်ထစ်သရေရနိုင်သည်။ ပေးဂိုး၊သွင်းဂိုးကွာဟချက်မှာ စိန့် (+၂)၊ ဖူလ်ဟမ်းက (+၆) ဖြစ်သည်။ ရှေ့ပွဲတွင် စိန့်က အာစင်နယ်နှင့်ကစားရမည်။ ဖူလ်ဟမ်းက ဗီလာနှင့် ကစားလိမ့်မည်။

အဲဗာတန်–မန်ယူ

အဆင့်(၄)အဲဗာတန်နှင့် အဆင့်(၂)မန်ယူ ကစားကြမည်။ အဲဗာတန်က ၂၅ မှတ်၊ မန်ယူ ၅၃ မှတ်ရ သည်။ လီဗာပူးနှင့်ပွဲ၌ ဂိုးပေါက်ချော်နေသည်မှလွဲ၍ အဲဗာတန် ကစားပုံကောင်းသည်။ ကွင်းလယ်ကစားကွက် အနည်းငယ်ဟာသည်။ စိန့်နှင့်ကစားသော မန်ယူခြေရည်လည်းကောင်းသည်။ လူသစ်နှင့် အချိတ်အဆက် နားလည်မှု အနည်းငယ်လွဲသည်။ လီဗာပူးပွဲခြေအရဆိုလျှင် အဲဗာတန်က မန်ယူကို ခံကစားနိုင်သည်။ နှစ်သင်း ခြေရည်ယှဉ်လျှင် မန်ယူက ပိုသာသည်။

ပထမအကျော့နှစ်သင်း မတွေ့မီက အဲဗာတန်ခြေရည် တက်နေချိန်ဖြစ်သည်။ ပွဲကောင်းတစ်ပွဲကြည့်ရမည် ဟု မျှော်လင့်ကြသည်။ သို့သော် မန်ယူပဲနိုင်မည်ဟု မှန်းကြသည်။မှန်းသည့်အတိုင်းပင် မန်ယူက သုံး–နှစ်ဖြင့် နိုင်သည်။

အဲဗာတန်ကွင်းတွင် ကစားရမည်။ ဒုတိယအကျော့မှာ အဲဗာတန်ခြေရည်ပျက်နေသည်။ တစ်ပွဲမှ နိုင်ပွဲ မရသေးဘဲ ဖြစ်နေသည်။ မန်ယူကလည်း နယူးကာဆယ်နှင့် သရေကျပြီး ဝုလ်ဖ်ကိုရှုံးခဲ့သည်။ ယခုပွဲတွင် မန်ယူပဲ ထပ်နိုင်ဖို့များသည်။ ပေးဂိုး၊သွင်းဂိုး ကွာဟချက်မှာ မန်ယူ(+၂၆)၊ အဲဗာတန်(–၄)ဖြစ်သည်။ရှေ့ပွဲတွင် အဲဗာတန်က ဘာမင်ဂမ်နှင့် ကစားရမည်။ မန်ယူက ဘိုရီနှင့် ကစားလိမ့်မည်။

ဖေဖော်ဝါရီ(၈)ရက်
တနင်္ဂနွေနေ့
မန်စီးတီး–ဘာမင်ဂမ်

အဆင့်(၁၅) မန်စီးတီးနှင့် အဆင့်(၉)ဘာမင်ဂမ် ကစားမည်။ မန်စီးတီးက ၂၃မှတ်၊ ဘာမင်ဂမ်က ၃၁မှတ် ရသည်။

အာစင်နယ်နှင့်ပွဲမှာ မန်စီးတီး၏ အစပိုင်းကစားပုံကောင်းသည်။ ဒုတိယပိုင်းမှာ အာစင်နယ်အောက်သို့ရောက်သွားသည်။ သို့သော် အာစင်နယ်ကို မန်စီးတီး ယှဉ်ကစားသွားနိုင်သည်။ ဘာမင်ဂမ်ကလည်း နယူးကာဆယ်နှင့်ပွဲတွင်ကောင်းသည်။ မနားတမ်း တန်ပြန်ထိုးဖောက်ကစားနိုင်ခဲ့သည်။ နောက်ဆုံးပွဲများအရ နှစ်သင်းခြေရည် ညီကြသည်။ ပွဲကောင်းဖြစ်နိုင်သည်။

ပထမအကျော့ နှစ်သင်းမတွေ့မီက နှစ်သင်းစလုံး၏ ခြေရည်မှာ ညံ့နေကြသည်။ ဘာမင်ဂမ်က မန်စီးတီးထက်ဆိုးသည်။ နှစ်သင်းတွေ့သည့်အခါ သရေကျနိုင်သလို နှစ်သင်းစလုံး ပွတ်ကာသီကာ နိုင်ချေရှိသည်ဟု တွက်ကြသည်။ ပွဲအပြီး၌ ဘာမင်ဂမ်က နှစ်–တစ်ဖြင့်နိုင်သည်။

မန်စီးတီးကွင်းတွင် ပြန်ကစားရမည်။ ဒုတိယအကျော့ ပြန်အစတွင် ဘာမင်ဂမ်က မန်စီးတီးထက် ခြေစွမ်းရည်ကောင်းနေသည်။ ယခုပွဲမှာ မန်စီးတီး ပွတ်ကာသီကာ နိုင်ချေရှိသည်။ ပေးဂိုး–သွင်းဂိုး ကွာဟချက်မှာ မန်စီးတီး (–၃)၊ ဘာမင်ဂမ်(–၆)ဖြစ်သည်။ ရှေ့ပွဲတွင် မန်စီးတီးက လီဗာပူးနှင့် ကစားရမည်။ ဘာမင်ဂမ်က အဲဗာတန်နှင့် ကစားရလိမ့်မည်။

ချယ်လ်ဆီး–ချာလ်တန်

အဆင့်(၃) ချယ်လ်ဆီးနှင့် အဆင့်(၄) ချာလ်တန်တို့ ကစားကြမည်။ ချယ်လ်ဆီးက ၄၉ မှတ်၊ ချာလ်တန်က ၃၇မှတ်ရသည်။ အောက်သင်းတစ်သင်းဖြစ်သော ဘလက်ဘန်း၏ခံကစားသည်ကို ချယ်လ်ဆီးခံခဲ့ရသည်။ သို့သော် ချယ်လ်ဆီးက ကစားကွက်အသာဖြင့်ကစားနိုင်ခဲ့သည်။ ဂိုးပေါက်ချော်သည့်အချက်သာ ပြောစရာရှိသည်။ ဘော်လ်တန်နှင့်ပွဲမှာလည်း ချာလ်တန်ကစားပုံညံ့သည်။ ပွဲစဉ် (၂၃) ခြေကြည့်လျှင် ချယ်လ်ဆီးက ချာလ်တန်ထက် ကောင်းသည်။ နှစ်သင်းစလုံးခြေရည်မတိမ်းမယိုင်ရှိသည်။ အကြိတ်အနယ်ကစားလျှင်ပွဲကောင်းဖြစ်နိုင်သည်။

ပထမအကျော့နှစ်သင်းမတွေ့မီက ချယ်လ်ဆီးပုံမှန်ခြေမရှိဘဲဖြစ်နေသည်။ ချာလ်တန်ကလည်း သရေပွဲများဖြင့် ရုန်းကန်နေရသည်။ နှစ်သင်းတွေ့သည့်အချိန်၌ သရေနှင့် အနိုင် ချယ်လ်ဆီးရလိမ့်မည်ဟု တွက်ကြသည်။ သို့သော် အဖြေမှာပြောင်းပြန်ဖြစ်ခဲ့သည်။ ချာလ်တန်က လေး–နှစ်ဖြင့် နိုင်သည်။

ချယ်လ်ဆီးကွင်းမှာထပ်ကစားရမည်။ ဒုတိယအကျော့တွင် နှစ်သင်းစလုံး နှစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲစီရှုံးကြသည်။ ယခုပွဲတွင် သရေနှင့်ရှုံးကြေး ချယ်လ်ဆီး ပြန်ဆပ်နိုင်သည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ ချယ်လ်ဆီး (+၂၄)၊ ချာလ်တန် (+၇)ဖြစ်သည်။ ရှေ့ပွဲတွင် ချယ်လ်ဆီးက ပို့စ်မောက်နှင့် ကစားရမည်။ ချာလ်တန်က စပါး(စ်)နှင့် ကစားလိမ့်မည်။ ။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်ကြီးလှဝင်းလှိုင်(ငြိမ်း)–ဒေါ်ခင်သန်းမြင့်တို့၏သား

ဗိုလ်ကြီးဝင်းဆွေ B.A (Geog)

ကာကွယ်ရေးဝန်ကြီးဌာန

နှင့်

ရန်ကုန်မြို့နေ ဦးလှရွှေ–ဒေါ်ရှုချွမ်တို့၏သမီး

မဌေးဌေးဝင်း M.C.Sc

တို့၏ ၁–၂–၂၀၀၄ရက်တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ဇနီး ဒေါ်စန်းစန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၏ ဇနီး ဒေါ်ခင်အေးကျင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးသော မစုမြတ်မြင့်ထွန်း၊ မင်္ဂလာပွဲ အောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝင်းဆွေ+မဌေးဌေးဝင်း။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

Mr. Khemchand Dadlani & Mrs. Vineeta တို့၏ တစ်ဦးတည်းသောသား

မောင်အောင်ကျော်မိုး (a) Prem (M.Com)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၀)၊ ဘောက်ထော်နေ

ဦးမောင်မောင် (a) Chandra Dev Prakash

(Chairman, Malikha Automobile Co., Ltd.) နှင့်

ဒေါ်စန်းမြင့် (Director, Shwe Super Light Co., Ltd.) တို့၏သမီးကြီး

မစန္ဒာဝင်း (a) Jyoti(B.A)

တို့၏ ၁–၂–၂၀၀၄(တနင်္ဂနွေနေ့)တွင် Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်နှင့်ဇနီး ဒေါ်ခင်မျိုးဦး၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး၊ မင်္ဂလာရွှေလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး၊ ကြွရောက်ချီးမြှင့်ကြသော အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ Super Coffeemix Mfg Ltd.(Singapore) မှ ဒါရိုက်တာများနှင့် ၂၆–၁–၂၀၀၄ရက်တွင် Hotel Grand Plaza Park Royal ၌ ကျင်းပပြုလုပ်သော စေ့စပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော ညှော်ပရိသတ်များအား လည်းကောင်း၊ ၃၁–၁–၂၀၀၄ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာပွဲတွင် ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အခမ်းအနားမှူး ဒေါ်မြရတနာမိုး၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Super Coffeemix, Laser သွားတိုက်ဆေး၊ Godzilla ခြင်နိုင်ဆေးမှ ကုမ္ပဏီဝန်ထမ်းများ၊မိတ်ဆွေများ၊ ပန်းအလှဆင်ပေးသော မလေးရှားသန်းမြင့်နှင့်အဖွဲ့၊ မေတ္တာဖြင့် မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးသော ကိုသူရ၊ ကိုဂေါဓီလာနှင့်အဖွဲ့၊ ဓာတ်ပုံစိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဓာတ်ပုံဦးမြဝင်း၊ Emperor နှင့် Gold Fingers Mandalay တေးဂီတအဖွဲ့တို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
အောင်ကျော်မိုး+စန္ဒာဝင်း။

အ. ထ. က (၆) ဗိုလ်တထောင်(ယခင်စိန့်ပေါလ်)ကျောင်း ဆဋ္ဌမအကြိမ် (၁၉၆၅-၁၉၈၀) နှင့် ဒုတိယအကြိမ် (၁၉၈၁-၁၉၉၀) မြတ်ဆရာပူဇော်ပွဲ

(၁၉၆၅-၁၉၈၀) နှင့် (၁၉၈၁-၁၉၉၀) ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက်ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများ အား ပူဇော်ကန်တော့ပွဲ (၂၊ ၃၊ ၂၀၀၄) အင်္ဂါနေ့ (တောင်သူလယ်သမားနေ့)တွင် ပထမပိုင်းကို(၁၉၆၅-၁၉၈၀)ခုနှစ် ဆရာကြီးဆရာမကြီးများအား နံနက် ၈ နာရီခွဲတွင်၎င်း၊ ဒုတိယပိုင်းကို၁၉၈၁-၁၉၉၀ ခုနှစ် ဆရာကြီး၊ ဆရာမကြီးများကို နံနက် ၁၁ နာရီတွင်၎င်း ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဆရာကြီးဆရာမကြီးများကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်းများ စုံစုံညီညီတက်ရောက်ကြည်ညိုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှာန်းလိုပါက

ဦးမောင်မောင်အေး(မဟာတိုး)၈၁၅၊ မဟာဗန္ဓုလလမ်း ၂၂၃၃၂၂
ဦးကျော်ဝင်း (ရွှေသံလွင်) အောက်ပုဇွန်တောင်လမ်း။ ၂၀၀၃၁၀
ဦးကျော်ဦးမြင့် ၁၁၇၊ တက္ကသိုလ်ရိပ်သာလမ်း။ ၅၁၄၃၀၈
ဦးနေမိုး (မိုးမြေနေလ) ၅၂၃၁၀၂
ဦးကျော်ရင် (Tiger Black Head) ၆၉၀၂၈၉
ဦးသက်ချိုဦး (လစ်ဘာရယ်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး) ၂၄၆၄၇၀
ဦးဝင်းလှိုင်ညွှန့် (လက်ရွေးစင်-လက်ဖက်ရည်ဆိုင်) ၂၄၆၃၁၃
ဦးဇော်မင်းထွန်း (ဘဘကြီးကဖီး) ၂၀၁၇၇၃
ဦးနေဝင်းအောင် ၁၃၅ (ပ-လွှာ)၊ ၄၇လမ်း၊ ဗိုလ်တထောင်
ဦးနေသူထွန်း ၁၉၁ (၅-လွှာ) ဗိုလ်မြတ်ထွန်းလမ်း။ ၂၉၆၇၆၇

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး

◆ ဖောင်းမြင့်မှု အဆောင်ဆင့်နှင့် မေသဝန်ရေနဲ့ ဘဝရှင်းသန့်မှု အလှအပဆေး
◆ အလှူကြီးပေးတဲ့ အကောင်းဆီးသောက်ထောက်မိုးဦး
◆ အကောင်းဆီးဆုရှင်များရဲ့ နောက်ဆက်တွဲသတင်းများ
◆ မြန်မာတွေ ပါးစပ်ဖျားက ဖွန်ဆေး ရှင်းခေါင်းဟန်ရဲ့ ထယ်ဆောက်နှင့် သီဆောင်းဦးတို့အကြောင်း
◆ မြန်မာမော်ဒန်တေးများဆိုတာ ဘာသာပြန်တေးများကို ကူးထားတာလာ စတယ်လို့ ပြောတဲ့ ငှင်ကောင်မင်းသစ်နှင့် တွေ့ဆုံခြင်း
◆ သွေးတိုးရောဂါကို ဆေးဝါးမပါဘဲ ကုသနည်း

၂၀၀၄-ခုနှစ် မတ်လထုတ် ထွက်ပြီ

နှစ်ပေါင်း (၄၀) အောင်မြင်နေသော
ရတနာ အထူးကုဆေးခန်း
၃၄၂ (ပထပ်) ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။
လိပ်ခေါင်း၊ ဂရင်ဂျီစအိုနာ၊ အရိုးအကြော
အမြန်ဆုံးပျောက်ကင်းအောင် တာဝန်ယူ ကုသပေးသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. **Assistant Sales Manager** (ကျား/မ) (၉–ဦး)
(ရန်ကုန်–၃ဦး၊ မန္တလေး–၃ဦး၊ မြစ်ကြီးနား–၁ဦး၊ တောင်ကြီး–၁ဦး၊ မော်လမြိုင်–၁ဦး)
– ဘွဲ့ရ ပြီး ကုန်ပစ္စည်း ဖြန့်ချိရေးလုပ်ငန်းများ အတွေ့အကြုံရှိသူ ဖြစ်ရမည်။
– ရုံးစိုက်ရာ မြို့မှ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
– အရည်အချင်းပေါ် မူတည်၍ လစာနှင့် Sale Target Bonus ခံစားခွင့်ရှိသည်။

2. **Sales Representative** (၃၉–ဦး)
ရန်ကုန် (ကျား ၁၀–ဦး၊ မ ၅–ဦး)၊ မန္တလေး (ကျား ၅–ဦး၊ မ ၄–ဦး)၊ မြစ်ကြီးနား (ကျား ၁–ဦး၊ မ ၁–ဦး)၊ တောင်ကြီး (ကျား ၃–ဦး၊ မ ၁–ဦး)၊ မော်လမြိုင် (ကျား ၅–ဦး၊ မ ၂–ဦး) စစ်တွေ (ကျား ၁–ဦး၊ မ ၁–ဦး)
– အရောင်းလုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
– ရုံးစိုက်ရာ မြို့မှ နယ်ခရီးသွားနိုင်သူ ဦးစားပေးမည်။
– ဘွဲ့ရပြီးသူ ဦးစားပေးမည်။ (အရည်အချင်းပေါ် မူတည်၍ လစာနှင့် ကော်မရှင် ခံစားခွင့်ရှိမည်။)

3. **Accountant** (ကျား/မ) (၅–ဦး)
(ရန်ကုန်–၂ဦး၊ မန္တလေး–၂ဦး၊ စစ်တွေ–၁ဦး)
– B.Com/LCCI III/ DA, Computerized Accounting ကျွမ်းကျင်ရမည်။
– လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
– နယ်ရုံးခွဲများအတွက် လျှောက်ထားသူများသည် နယ်ရုံးခွဲတစ်ခုလုံး၏ စာရင်းများအား ဆောင်ရွက်နိုင်ရမည်။

4. **Driver** (ရောင်း/မောင်း) (၁၀–ဦး)
(ရန်ကုန်–၅ဦး၊ မန္တလေး–၂ဦး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ တောင်ကြီး–၁ဦးစီ)
– ယာဉ်မောင်းလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
– ၂–တန်/၃–တန် ကားများဖြင့် နယ်လမ်းကြောင်းများ အတွေ့အကြုံရှိသူဖြစ်ရမည်။
– ဘွဲ့ရပြီးသူ ဦးစားပေးမည်။ (အရည်အချင်းပေါ် မူတည်၍ လစာနှင့် ကော်မရှင် ခံစားခွင့်ရှိမည်။)

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန်လိပ်စာနှင့် အလုပ်သမားမှတ်ပုံတင် မိတ္တူ တို့နှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကိုတိကျစွာဖော်ပြ၍ ရန်ကုန် စာတိုက် သေတ္တာအမှတ် (၁၁၄) နှင့် မန္တလေး စာတိုက် သေတ္တာအမှတ် (၃၈) သို့ ပေးပို့လျှောက်ထားနိုင်သည်။

အကောက်ခွန်နှစ်ပတ်လည် မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော ကမ္ဘာ့ အကောက်ခွန်



နေ့ကို ဂုဏ်ပြုလျက် ၂၀၀၄ခုနှစ်အကောက်ခွန် နှစ်ပတ်လည် မဂ္ဂဇင်းကို သရုပ်ဆောင် ခင်လေးနွယ်၏ မျက်နှာဖုံးပုံဖြင့်ထုတ်ဝေထားသည်။ **(အောက်ဝဲပုံ)**

ယင်းမဂ္ဂဇင်းတွင် အကောက်ခွန်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများ၊ မြင်းမူမောင်နိုင်မိုး၊ ထီလာစစ်သူ၊ နုယဉ်၊ သူရဇော်၊ ကို(တက္ကသိုလ်)၊ မောင်ယဉ်မှူး၊ ပျဉ်းမနားမောင်နီသင်းတို့၏ ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ ပါရဂူ၊ မင်းကျော်မင်း၊ အောင်သင်း၊ သုမောင်၊ မောင်ဆုရှင်၊ တက်တိုး၊ ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညိုတို့၏ သုတ၊ရသဆောင်းပါးများ၊အီကြာကွေး၊ အဏ္ဏဝါစိုးမိုး၊ မောင်သဲကြည်(မအူပင်)၊ ချစ်ဦးညို၊ ဆောင်းဝင်းလတ်၊ နုနုရည်(အင်းဝ)တို့၏ဝတ္ထုများ၊ အကောက်ခွန်ဆိုင်ရာ သိကောင်းစရာ ဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး တန်ဖိုးကျပ်၁၃၀၀ဖြင့် အမှတ်– ၁၃၂ ကမ်းနားလမ်း အကောက်ခွန်ရုံးချုပ်၌ ဝယ်ယူနိုင်ကြောင်းသိရသည်။(က–ပ)

ကုန်သည်/စက်မှုအသင်းချုပ်အဖွဲ့ဝင်များ ဂျပန်သို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဖေဖော်ဝါရီ ၅ရက်တွင် ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနှင့်ဂျပန် ကုန်သည်စက်မှုအသင်းများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက်ပူးတွဲအစည်းအဝေးသို့တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့ ခေါင်းဆောင်သောအဖွဲ့ဝင်၃၆ဦးတို့သည်ယမန်နေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အချိန်အခါမဟုတ် မိုးရွာမည်ဟု သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယနေ့နံနက်မြန်မာစံတော်ချိန် ၀၉း၃၀နာရီအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ဧရာဝတီတိုင်းတွင် ဖွားသေမှတ်ပုံတင်စနစ်သစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေး

ပုသိမ် ဇန်နဝါရီ ၂၉

ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးတွဲလျက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် ပူးပေါင်းဆောင်ရွက်သည့် ဖွားသေမှတ်ပုံတင်စနစ်သစ်ကို ဧရာဝတီတိုင်း ၂၆ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းရှင်းလင်းချပြ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်းက ဖွားသေမှတ်ပုံတင်စနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ စီမံကိန်းအရာရှိ ဦးခင်ကြူက ကလေးများနှင့် မိခင်များ ကျန်းမာရေးများအတွက် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးသန်းအောင်တို့ကဖွားသေ မှတ်ပုံတင်စနစ်သစ်အကြောင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေး၊ ကျန်းမာရေး၊ စည်ပင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တိုင်းဥပဒေ၊ တရားရေး၊ လူမှုဝန်ထမ်း စသည့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဆရာဝန်အသင်း၊ ကြက်ခြေနီ စသည့်အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်သည်။ ယခုဆွေးနွေးပွဲမှာ တိုင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။ (၁၅၆)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း

ပုလဲ ဇန်နဝါရီ ၂၇

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ကြောင်းသန်းကျေးရွာအုပ်စု၊ ကြောင်းသန်းကျေးရွာ သန်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၇ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးငြိမ်းမောင်တို့က ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်အတွက် အလှူငွေ ကျပ်၅၀၀၀ ကိုလည်းကောင်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူးနှင့်ကျေးရွာမှ အလှူရှင်ခြောက်ဦးတို့က စာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ်သတင်းများ

မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ထားဝယ်၌ ကျင်းပ

ထားဝယ် ဇန်နဝါရီ ၃၀

၂၀၀၃ ခုနှစ်အတွက် မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ထားဝယ်မြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

— အမှာစကားပြောကြား —

ဆန်းစစ်ဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်စန်းနှင့် ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)မှ ကြီးကြပ်သူ ဒေါက်တာလှမြင့်သွေးဣန္ဒြာတို့က လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆန်းစစ်ဆွေးနွေးကြသည်။

အဆိုပါ ဆန်းစစ်ဆွေးနွေးပွဲကို သုံးရက်ကြာ ကျင်းပပြီး ယခုနှစ်တွင်ဗဟိုမှ မြို့နယ်အဆင့်ထိ လာရောက် ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (၄၇၃)

ညောင်တုန်းမြို့နယ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ပညာရည်ချွန်ဆုပေးပွဲကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမတွင် ဇန်နဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းက စတုတ္ထတန်း မြို့နယ်အဆင့် ဘက်စုံဒုတိယဆု၊အုပ်စုအဆင့် ဘက်စုံပထမဆုနှင့် ကျောင်းအဆင့် ဘက်စုံပထမဆုရ စဉ့်အိုးတန်းအမက မှ မောင်အောင်ဇေယျကျော်အား ဆုများပေးအပ်စဉ်။ (၁၆၁)

ကျေးလက်လမ်း ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်

သာစည် ဇန်နဝါရီ ၂၇

သာစည်မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသ ဆက်သွယ်သည့် လမ်းများ၊ ရာသီမရွေးသွားလာနိုင်ရေးတွက် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းဖောက်လုပ်

၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းများအနက် သပြေ-ဟံဇား လမ်းဟောင်း လမ်းအရှည် ခြောက်မိုင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူတို့ ပူးပေါင်းပြင်ဆင်ဖောက်လုပ်ခဲ့သည်။

ယခုအခါ အဆိုပါ လမ်းပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်သွားလာနိုင်ရေးအတွက် အရှည်ပေ ၄၃၂၀၊ အကျယ် ၁၂ ပေရှိ ကားလမ်းခင်းနေမှုကို ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသောင်းက ကွင်းဆင်းပြီး အင်ဂျင်နီယာနှင့်အတူ ကြပ်မတ် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ လမ်းတည်ဆောက်မှုတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်သိန်း ၂၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ပြီး ကျေးရွာပြည်သူများကလည်းပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၂၅)**

ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ပဲခူး ဇန်နဝါရီ ၃၀

ပဲခူးတိုင်း ဥသျှောင်မြို့သစ် ရန်ကုန်-မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက် ပရိဝုဏ်အတွင်း တည်ထားသည့် မနောမယပတ္တမြား စေတီတော်မြတ်ကြီး ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၅ရက် (တပို့တွဲလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။

နှစ်စဉ် အလှူရှင် ဦးသိုင်းဝင်း (သီဟသုဓမ္မမဏိဇောတရေ)ဇနီး ဒေါ်ငွေငွေညွှန့်(သီဟသု ဓမ္မသီဂီ) မိသားစု (ဘီတီဘီကုမ္ပဏီ) အလုံမြို့နယ်တို့က ထမနဲ၊ ဆွမ်းဘောဇဉ်လှူဒါန်းပူဇော်ကြမည်ဖြစ်ပြီး ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြမည်ဖြစ်သည်။ **(က-ပ)**

ဥက္ကံမြို့ ရွှေကျင်နိကာယဝိနယာဓိက ပရိယတ္တိ စာမေးစာပြန်ပွဲကျင်းပမည်

တိုက်ကြီး ဖေဖော်ဝါရီ ၁

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဘုရားကြီးကျောင်းပရိယတ္တိစာသင်တိုက်၏ (၄၃) ကြိမ်မြောက် ရွှေကျင်နိကာယဝိနယာဓိက ပရိယတ္တိစာမေး စာပြန်ပွဲတော်ကို ၁၃၆၅ခု တပို့တွဲလပြည့်ကျော် ၅ရက်မှ ၁၁ရက်ထိ ကျင်းပမည်ဖြစ်သည်။

ညစဉ်တရားပွဲများအဖြစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် သပိတ်အိုင်ဆရာတော် ဘဒ္ဒန္တဉာဏိဿရ၊ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်များတွင် မန္တလေးမြို့ ခင်မကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ဖေဖော်ဝါရီ ၁၃ရက်တွင် မန္တလေးမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်မှ ရမည်းသင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ၊ ဖေဖော်ဝါရီ ၁၄ရက်တွင် သီတဂူဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်မှ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ ဖေဖော်ဝါရီ ၁၅ရက်တွင် မန္တလေးမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဘဒ္ဒန္တဝိသုဒ္ဓိတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီးမြှင့်မည်ဖြစ်ပြီး၊ ဖေဖော်ဝါရီ ၁၆ရက်မွန်းတည့် ၁၂နာရီတွင် စာအောင်သံဃာတော်များအား ဆုနှင်းသဘင်ကျင်းပမည်ဖြစ်သည်။ (က-ပ)

